
နတ်သမီး
လောကကိုအလှဆင်မယ်
Read on the move

# လောကကို အလှဆင်မယ်
## အခန်း (၁)

''ခွမ်း''

''အမလေး''

ကျွန်မ လက်နှစ်ဖက်နဲ့ ရင်ဘတ်ကို ဖိပြီး ဘုရားတလိုက်မိ သည်။

''အမလေးလေး ကွဲပါပြီ ကုန်ပြီ၊ ငါ့မိဘပစ္စည်းတွေ မိနန်းမုံ ဖြုန်းတီးလို့ ကုန်ပါပြီ''

မမသဉ္ဇာက လက်နှစ်ဖက် ခါးပေါ်ထောက်ပြီး ကွဲသွားသော ကော်ဖီပန်းကန်ကို တစ်လှည့် ကျွန်မကိုတစ်လှည့် စူးစူးရဲရဲကြည့်ကာ စတင်၍ မြည်တွန်ပါတော့သည်။

ကျွန်မသည် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ခြေတွေ လက်တွေတင်မက တစ်ကိုယ်လုံး တုန်ယင်နေပါသည်။

''ညည်း ဘာဖြစ်နေတာလဲ နန်းမုံ၊ ဒီကော်ဖီ ပန်းကန်လေး တောင် သေသေချာချာ မကိုင်နိုင်ရအောင် ညည်း လက်တွေ နူနေပြီ လား''

မမသဉ္ဇာ အော်လိုက်သံသည် ကျွန်မ လိပ်ပြာတွေ လွင့်သွား မတတ်ပင် ဖြစ်သည်။

''ဖြန်း ဖြန်း''

''ကဲဟာ ကဲဟာ''

မမသဉ္ဇာ အားရပါးရ ရိုက်လိုက်ပြီးသောအခါ ကျွန်မ လက် မောင်းတွင် နီရဲနေသော လက်ချောင်းရာတွေ အထင်းသား ကျန်ခဲ့ပါ၏ ။

''ဘယ်လောက်ပဲ အသက်တွေကြီးလာလာ ပျာရိပျာယာ လုပ် တတ်တဲ့

အကျင့်ကို မပျောက်ဘူး၊ ဘယ်လောက် ပြောပြောလည်း အရှက်မရှိ၊ အမှတ်သည်းခြေ မရှိနဲ့ ဘယ်လို မိန်းကလေးလည်း မသိဘူး''

''ဘာဖြစ်တာလဲ သမီး''

''ထုံးစံအတိုင်းပေ့ါ မေမေရယ်၊ ဒီမှာလေ ကော်ဖီပန်းကန် တစ်စုံ ခွဲပစ်လိုက်ပြန်ပြီ''

''ကုန်ပါပြီ တစ်ခုပြီးတစ်ခု ငါတို့ပစ္စည်းတွေကို ဖျက်ဆီးနေတာ တမင်လုပ်နေသလား အောက်မေ့ရတယ် မိနန်းပုံရယ်''

ကြီးကြီး စွပ်စွဲလိုက်တာကို မဟုတ်ကြောင်း ကျွန်မ ပြောချင် ပေမယ့် နှုတ်က ထွက်မလာပါ။

''ဟဲ့ မိနန်းမုံ မေမေ မေးနေတယ်မလား''

''ရှင်''

''ကြည့် အဲဒီ အူကြောင်ကြောင် လုပ်နေတာကို ကြည့်မရတာ ''

''သမီးရယ် နောက်ကို ဒင်းကို မခိုင်းပါနဲ့လား၊ မေမေ ဒင်း ကြောင့် အသက်တိုမှာပဲ''

''အို မေမေကလည်း မဟုတ်တာ၊ မေမေ အသက်တိုစရာ မလိုပါဘူး၊ သူ ရှိနေတဲ့အတွက် မေမေ စိတ်ဆင်းရဲနေတယ်ဆို သူ မရှိအောင် လုပ်ရမှာပဲ''

''အမလေး သမီးရယ်၊ သမီး အဖေ ကြားသွားလို့ မေမေတို့ သားအမိ ခေါင်းနဲ့ ဆင်းနေရပါမယ်''

''ဖေဖေကလေ သူ့တူမကို ထိရင် နည်းနည်းမှ မခံဘူးနော်၊ ဒါတောင် တူမလုပ်တဲ့သူက အချိုးမပြေလို့''

''ကဲပါ သမီးရယ် တော်ပါတော့ မေမေ စိတ်ဆင်းရဲလွန်းလို့ပါ''

''ဟဲ့ ကောက်လေ၊ ပန်းကန်ကွဲတွေနဲ့ ကော်ဖီတွေကိုလည်း စင်အောင် သုတ်၊ နောက်ထပ် မျက်စိထဲမှာ ကန့်လန့်မြင်ရရင် အသေပဲ၊ မေမေ လာ''

မမသဉ္ဇာ ကြီးကြီးကိုခေါ်ပြီး ထွက်သွားတော့ ကျွန်မ အကြောင် သား ငေးကြည့်နေမိသည်။

သုံးလ သမီးကတည်းက မိဘမဲ့သွားသော ကျွန်မကို ဖေဖေ့ရဲ့ တစ်ဦး တည်းသော အစ်ကိုရင်း ဘဘတို့လင်မယားက နို့ဘူးတိုက်ပြီး မွေးစားခဲ့သည်။ မိတဆိုး တူမလေး ကျွန်မကို ဘဘက အသနားတွေပိုပြီး တုန်နေအောင် ချစ်ရှာသည်။ ကြီးကြီးကတော့ သုံးလသမီးက နို့ဘူး တိုက် သံယောဇဉ်လောက်ပဲ ရှိတာမို့ ကျွန်မ နားလည်ခွင့်လွှတ်နိုင်ပါသည်။ ဟုတ်တယ်လေ ကြီးကြီးမှာ သွေးသားရင်းဖြစ်သော ကိုကိုထိုက်နဲ့ မမ သဉ္ဇာ ရှိတာကို ယောကျ်ားရဲ့ တူမကို ဒီလောက်အရေးအရာ ထားတာပဲ ကျွန်မ ကျေနပ်လှပါပြီ။

ကိုကိုထိုက်နဲ့ မမသဉ္ဇာတောင် မတူပါ။

ကိုကိုထိုက်က သူနဲ့အသက်ဆယ်နှစ်ကျော် ကွာသော ညီမ ဝမ်းကွဲလေးကို သိပ်လည်းချစ်ပြီး အလိုလည်း လိုက်၏ ။ ကိုကိုထိုက် တစ်ခုခု ခိုင်းတိုင်း လွဲတတ်သော ကျွန်မကို ခေါင်းလေးသာ ထုပြီး

''နင် တော်တော်ပျာတဲ့ ကောင်မလေးနော်''

ကိုကိုထိုက်က ချစ်စနိုး ပြောတတ်တာကလွဲရင် ဘယ်တော့မှ အပြစ်ကြီး တစ်ခုလို မပြောတတ်ပါ။ ဒီနေရာမှာတင် မမသဉ္ဇာနှင့် ကွာသွားသည်။ မမသဉ္ဇာကတော့ ကိုကိုထိုက်လို မဟုတ်ပါ။ သူမ ခိုင်းလို့ နည်းနည်းလေး လွဲသွားတာနှင့် ပါးစပ်က ဗျစ်တောက် ဗျစ်တောက် ပြောရုံမက ထိပ်ကိုလည်း ထူပူသွားအောင် ခေါက်ပစ်တတ်သည်။

ထိုအခါမျိုးဆိုလျှင် ဘဘ မျက်နှာပျက်သွားတတ်သလို ကြီးကြီး ကလည်း ဘဘ မျက်နှာကို အကဲခတ်သလို ကြည့်တတ်သည်။ ဒါသည် ကျွန်မ

သိတတ်စကတည်းက ယခုတိုင်ပင် ဖြစ်ပါသည်။

အားလုံးကို ခြုံပြောရမည်ဆိုလျှင် ဘဘသည် ကျွန်မကို အရမ်း ချစ်ပြီး ကိုကိုထိုက်က ဘဘနီးနီးလောက် ချစ်သော်လည်း ကြီးကြီးတို့ မမသဉ္ဇာတို့ ဆူသည့်အခါမျိုးမှာတော့ ဝင်ပြောခြင်း မရှိပါ။

ဥပမာ ဆိုကြပါစို့။

ကျွန်မ တစ်ခုခု အမှားလုပ်ခဲ့လျှင် နည်းနည်းပါးပါး အမှားမျိုး ဆိုရင်တော့ နည်းနည်းပါးပါး ဆူသည့်အတွက် ဘဘ မျက်နှာပျက်ရုံတင် ပျက်ပေမယ့် တအားကြီး ဆူသည့်အခါမျိုးဆိုလျှင်တော့ ဘဘက မိန်းမနှင့် သမီးကို ပြန်ဆူတတ်သည်။ ကိုကိုထိုက်ကတော့ ထိုအခါမျိုးဆိုရင် မသိ ဟန်ဆောင်နေတတ်သည်။ ဒါလည်း ကိုကိုထိုက်ဘက်က ကြည့်တော့ ဟုတ်ပါသည်။ ဟိုက မွေးထုတ်ထားသော အမေရင်းနဲ့ ညီမအရင်းလေ။ ကျွန်မကတော့ ဦးလေးကမှ မွေးသော ဝမ်းကွဲ ညီမကိုး။

ကျွန်မရဲ့အကြောင်း တိုတိုတုတ်တုတ်ကတော့ ထိုမျှပင် ဖြစ်ပါ သည်။

တစ်ခု ကြွားစရာ ကျန်သေးသည်။ ဒါကတော့ ထူထူထိုင်းထိုင်း နဲ့ပင် ကျွန်မဟာ မြန်မာစာ အဓိကနှင့် နောက်ဆုံးနှစ် စာမေးပွဲကြီးကို အောင်မြင်စွာ ဖြေဆိုပြီးစီးသွားခြင်းပဲ ဖြစ်သည်။

သိပ်မကြာခင် အချိန်အတွင်းပင် ကျွန်မ ဘွဲ့ရတော့မှာ ဖြစ် သည်။

မကြာခင် ဘွဲ့ဝတ်စုံနှင့် ကျွန်မ ဓာတ်ပုံသည် အိမ်ရှေ့ ဧည့်ခန်း ရှိ ကိုကိုထိုက်နှင့် မမသဉ္ဇာတို့၏ ဘေးမှာ အကျအန နေရာယူ ဦးမှာ မြင်ယောင်နေသေးသည်။

''အဟိ''

''ဟဲ့ ဘာဖြစ်နေပြန်တာလဲ အရူးမ''

ငရုတ်သီးထောင်းရင်း စိတ်ကူးယဉ်နေသော ကျွန်မကို ကြည့်ပြီး ကြီးကြီးက ထောပနာ ပြုလိုက်ခြင်း ဖြစ်သည်။

''စိတ်ကူးယဉ်နေတာပါ ကြီးကြီးရဲ့''

''အံမယ် ကြီးကြီးကျယ်ကျယ်နဲ့ ညည်းက ဘာတွေစိတ်ကူးယဉ် စရာ ရှိနေလို့လဲ''

''တခြား မဟုတ်ပါဘူး၊ သမီးက အခု ကျောင်းပြီးသွားပြီဆို တော့ ဘွဲ့ယူဖို့ပဲ ရှိတော့တယ်လေ''

''အံမယ် ကျိန်းသေကြီးကို တွက်နေတယ် ဟုတ်လား''

''ကျောင်းပြီးသွားရင် ဘွဲ့ရဖို့က မကျိန်းသေဘူးလား ကြီးကြီး ရဲ့''

''မှန်တယ်လေ ညည်းက ကျောင်းပြီးသေးလို့လား၊ အောင် စာရင်းဖြင့် မထွက်သေးဘူး၊ သေချာပေါက် ဘွဲ့ယူဖို့ တွေးနေတယ်''

ကြီးကြီး မျက်စောင်းကြီးထိုးပြီး စောင့်ကြီးအောင့်ကြီး ပြောလိုက် မှ ဟုတ်ပေသားပဲဆိုသည့် အတွေးနှင့် ဇက်ကလေး ပုချလိုက်သည်။

''အဲဒါကြောင့် ညည်းကို မပျာယာလို့ ပြောတာ၊ ဘာကိုပဲဖြစ် ဖြစ် ပျာယာခတ်ဖို့ စိတ်ကူးနဲ့ ပြောချင်ရာ ပြောချလိုက်တာပဲ''

''ဘာတွေပြောပြန်ပြီလဲ မေမေ''

''ပြောမနေပါနဲ့တော့ သားရယ်၊ ထုံးစံအတိုင်းပေါ့ နန်းမုံလေ အောင်စာရင်းကဖြင့် မထွက်သေးဘူး ဘွဲ့ယူဖို့ကို စဉ်းစားနေတယ်''

ကိုကိုထိုက် ဝင်လာပြီး ကြီးကြီးရဲ့ တစ်ပိုင်းတစ်စ စကားကို မေးလိုက်သောအခါ ထုံးစံအတိုင်း ကြီးကြီးက မဲ့ရွဲ့ပြီး ပြောပါတော့သည်။

''သြော် မေမေရယ် မုံလေးက သူအောင်မယ်ဆိုတာ ကျိန်းသေ သိလို့

ပြောတာနေမှာပေါ့''

''အမလေး သားရယ်၊ သူ့အကြောင်းလည်း သိသားနဲ့၊ ဆယ်တန်းအောင်ပြီး နောက်ဆုံးနှစ်ရောက်လာတာကို စဉ်းစားလို့မရဘူး၊ ဘာမှ အမြီးမှန်း ခေါင်းမှန်း သိတဲ့သူမှ မဟုတ်တာ''

ကိုကိုထိုက်က မိခင်ဖြစ်သူကို ပြုံးဖက်ပြီး မပြောချင်တော့တာ နှင့် တဟင်းဟင်း ရယ်ရင်း ကျွန်မကို ကြည့်လာသည်။ ကြက်သွန်ခွာ ရင်း ကျွန်မက ကိုကိုထိုက်ကို ပြန်ပြုံးပြလိုက်သောအခါ ကိုကို ထိုက်က ကျွန်မရဲ့အပြုံးကို အသိအမှတ်ပြုသလို ခေါင်းညိတ်ပြ၏။

ကိုကိုထိုက်က ကျွန်မကို ချစ်လည်းချစ်၊ သနားလည်းသနား ပေမယ့် အမေနဲ့ ညီမဖြစ်သူ မမသဉ္ဇာကိုတော့ ကျွန်မနဲ့ ပတ်သက်ပြီး ဘယ်တော့မှ အတိုက်အခံ ပြောသည်မရှိ။

ခဏကြာမှ ဘဘနှင့် မမသဉ္ဇာ ရောက်လာကြကာ နံနက်စာ စားဖို့ ပြင်ဆင်ကြသည်။

''သမီးလေး လာလေ''

''လာပြီ ဘဘ၊ ကြက်သွန်လေး တစ်လုံး နှစ်လုံးကျန်လို့ လက်စသတ်နေတာပါ''

''နောက်ပြီးမှ ဆက်လုပ်ပါလား ညီမလေးရဲ့''

ကိုကိုထိုက်ကပါ ထပ်ခေါ်နေသောကြောင့် ကြက်သွန်တောင်း လေးကို ခုံပေါ် ကမန်းကတန်း တင်လိုက်သည်။ ခွာရမည့် ကြက်သွန်က တစ်လုံးပဲ ကျန်တော့ပေမယ့် ဆက်ခွာနေလျှင် ကြီးကြီးနဲ့မမသဉ္ဇာက တစ်ခုခု ပြောတော့မှာ သေချာသည်။ အဲဒီ အခါဆို ဘဘက သူတို့ကိုဆူ သူတို့က ကျွန်မကို ပြန်ပြီးမဲနှင့် သံသရာတွေ ရှည်ဦးမည်။ ဒါတွေက အခါပေါင်း မရေမတွက်နိုင်အောင် ဖြစ်နေကျမို့

ကျွန်မ အထူး ဂရုထား နေရသည့် အရာထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ အခုတောင် ကြီးကြီးနှင့် မမသဉ္ဇာရဲ့ မျက်စောင်းကြီးတွေက ဒိုင်းခနဲ ရောက်လာပြီးပြီ။

''ဟဲ့ ဟဲ့ နင့်လက်ကို သွားဆေးဦးလေ''

''ဟုတ်ကဲ့ မမသဉ္ဇာ''

''ဘာမှ အလိုက်ကန်းဆိုး မသိတတ်ဘူး၊ ကြက်သွန်ကိုင်ပြီး လက်ဆေးပေ့ါ၊ အမြဲ ပြောနေရတယ်''

''သူက ဒီလောက်ပြောနေတာတောင် အမှတ်သည်းခြေ ရှိတဲ့သူ မှ မဟုတ်တာ သမီးရယ်၊ ပြောမနေနဲ့ အာညောင်းတယ်''

''မပြောလို့ ရမလား မေမေရဲ့၊ ကြက်သွန်နံ့က ပြင်းရပြင်းနဲ့၊ သမီး အန်ချင်တယ်''

''ကြက်သွန်က စားစရာ မဟုတ်ဘူးလား သမီး သဉ္ဇာ''

''ဒါတော့ ဒါပေ့ါ ဖေဖေရယ်၊ ကော်ဖီသောက် မုန့်စားနေတဲ့ အချိန်မှာတော့ ဒီကြက်သွန်ညှီနံ့ကြီးကို သမီး ခံစားလို့ မရဘူး''

ဘဘ သက်ပြင်းချသံတိုးတိုးလေးသည် ကျွန်မနားထဲမှာတော့ မိုးကြိုးပစ်သံကြီးလောက် ကျယ်လောင်နေသည်။ ဒီပြဿနာသည် အေးမှာ မဟုတ်ပါ။ ဘဘ မရှိသည်နှင့် ကြီးကြီးနှင့် မမသဉ္ဇာက ကျွန်မကို ရစရာမရှိအောင် ဆူဦးမှာဖြစ်သည်။

ကျွန်မကလည်း ကျွန်မပါပဲလေ သူတို့ပြောသလို အမှတ် သည်းခြေမှ မရှိတာ။

''ဂလွမ်း''

''အမလေး''

ဘေစင်ကနေ လက်ဆေးပြီး ကမန်းကတန်း အလှည့်မှာ ထမင်း ချက် ဒေါ်ကြီးမြင့်ရဲ့ မှောက်ထားသော ထွေးခံကို ခလုတ်တိုက်မိခြင်း ဖြစ်သည်။

''ဘယ်ထိသွားလဲ သမီး''

''မထိပါဘူး ဘဘ''

''သမီးရယ် ဘဘပြောထားသားနဲ့ ဘာလုပ်လုပ် သတိထားပြီး လုပ်ပါ၊ သတိဆိုတာ ပိုတယ်လို့ မရှိပါဘူး''

''ဟုတ်ကဲ့ပါ ဘဘ''

ကျွန်မ စားပွဲမှာ အသာအယာ ဝင်ထိုင်ပြီး ကော်ဖီခွက်ကို ကောက်ကိုင်လိုက်သည်။

''ပြောရင် အောင်မင်းလွန်ရာကျတယ်''

တိတ်ဆိတ်စွာ စားသောက်နေသော ကော်ဖီဝိုင်းမှာ ကြီးကြီး၏ ကြိတ်မနိုင် ခဲမရ ရေရွတ်သံကြီး ထွက်လာသည့်အခါ ဘဘ တစ်ချက် လှမ်းကြည့်ပြီး ကော်ဖီဆက်သောက်၏ ။

ဒါတောင် ဘဘ ဘာမှမပြော၍ တော်သေးသည်။ ဘဘသာ ဆက်ပြောလျှင် ကြီးကြီးနှင့် တစ်ယောက်တစ်ခွန်း ဖြစ်ကြဦးမည်မှာမလွဲ။ ထိုအခါဆို ကျွန်မ ဘယ်တွင် သွားနေရမှန်း မသိအောင်ကို အနေခက်ရ သည်။

''တော်ပြီလား ဖေဖေ''

''တော်ပါပြီ သားရယ်''

ကျွန်မ အတွေးလွန်နေဆဲမှာ ဘဘ ကော်ဖီဝိုင်းက ထသွားပြီး ကိုကိုထိုက်က လှမ်းမေးနေ၏ ။

မုန့်တောင် မစားဘဲ ကော်ဖီတစ်ခွက်သာ သောက်သွားခြင်း သည်

ကျွန်မကြောင့် ဆိုတာ သိတော့ ကိုယ့်ကိုကိုယ်ပဲ ဒေါသတွေ အကြိမ်ကြိမ် ဖြစ်နေရသည်။ ကျွန်မ သိတတ်စကတည်းက ဘာဖြစ်လို့ သူများ ပြောစရာချည်း ဖြစ်နေရတာ လဲ။ ကျွန်မ ကိုယ့်ကိုကိုယ် သတိ ထားပြီး အမှားမရှိအောင် လုပ်ရင်းနှင့်ပင် တစ်ခုပြီးတစ်ခု မှားနေ သည်။ အဲဒီ အမှားကိုပဲ ပုံကြီးချဲ့တတ်သော ကြီးကြီးနဲ့ မမသဉ္ဇာကြောင့် ကျွန်မ ပိုပြီး ပျာယာခတ်သွားတတ်တာလား မသိပါဘူး။

''ဟွန်း ဖြစ်ပြီးရင်တော့ သူ မဟုတ်တဲ့ အတိုင်းပဲ''

ဘဘ အရိပ်ပျောက်တာနှင့် မမသဉ္ဇာက စပြီး မြည်တွန်ပါ တော့သည်။

''ဟဲ့ မိနန်းမုံ နင့်ကိုပြောနေတယ်ဆိုတာရော သိရဲ့လား''

''ဟုတ်ကဲ့ သိပါတယ် မမသဉ္ဇာ''

''ဩော် သိတော့ သိသေးတယ်ပေါ့ ဟုတ်လား၊ ပါးစပ်က သိတယ်ဆိုပြီး တစ်ခါလာလည်း ဒီတိုင်း တစ်ခါလာလည်း ဒီအတိုင်းပဲ''

''ဟိုက တူမကိုနည်းနည်းလေးမှ အပြောမခံဘူး၊ ကော်ဖီတစ် ခွက်တောင် ကုန်အောင် သောက်မသွားဘူး၊ တူမသာ လိမ္မာရင် ခက် မယ်''

''ကဲပါ မေမေနဲ့ ညီမလေး သဉ္ဇာရယ် တော်ပါတော့''

''မတော်နိုင်ဘူး ကိုကို၊ ဒါကြောင့် ဒီကောင်မ ရောင့်တက်ပြီး အချိုးမပြေတာ၊ အခုဆိုရင် ညီမလေးနဲ့ မေမေ့ကို ဖေဖေ တော်တော် မျက်မုန်းကျိုးနေပြီ၊ အဲဒါ ဒင်းကြောင့်လေ၊ ဒီလောကကြီးမှာ ဒင်းကိုသာ မွေးမလာခဲ့ရင် ဒါမှမဟုတ် သူ့အဖေအမေနဲ့တုန်းက တစ်ခါထဲသာ သေ သွားရင် တို့မိသားစုဘဝက သိပ်ပျော်စရာကောင်းမှာ၊ အခုတော့ ဒီဂြိုလ် ကောင်မကြောင့် တစ်နေ့မှကို စိတ်ချမ်းသာရတယ် မရှိဘူး''

''ဟုတ်ပ့ါ သမီးရယ်၊ မေမေလည်း သိပ်စိတ်ဆင်းရဲတာပဲ''

''နန်းမုံ''

''ရှင်''

''မေမေပြောတာ ညည်း ကြားတယ်မဟုတ်လား''

''ဟုတ်ကဲ့''

''ဘာ ဟုတ်ကဲ့လဲ၊ ညည်းဟာ လောကကြီးမှာ လူပိုပဲ၊ အိမ်မှာ လည်း ဘာတစ်ခုမှ စိတ်ချလက်ချ ခိုင်းလို့မရဘူး၊ ဘာလုပ်လုပ် အလွဲ လွဲ အချော်ချော်ချည်းပဲ၊ ညည်းကို မေးရဦးမယ်၊ ညည်းမှာ ရည်းစား ရှိလား''

''ရှင်''

''ဟဲ့ ငါမေးနေတာ ရှင်းရှင်းလေး၊ နားမလည်တာလား မကြား တာလား''

''ဟို မရှိပါဘူး မမသဇ္ဈာ''

''သဇ္ဈာ ဘာတွေလျှောက်မေးတာလဲ ညီမလေးရယ်''

''ကိုကို နေစမ်းပါ''

''အိမ်ထဲက အိမ်ပြင်မထွက်တဲ့သူမှာ ဘယ်ကရည်းစားက လာရှိဦးမှာလဲ''

''မရှိရင်လည်း နေပါစေ၊ သူ့ကို လင်ပေးစားလိုက်ရင် ကောင်း မယ်ထင်တယ် မေမေ''

''ကောင်းတယ် သမီး၊ ရည်းစားကတော့ ရှိမယ့်ပုံ မပေါ်ပါဘူး၊ ဒီလောက် ထူထုံနေတာ ဘယ်သူမှ ကြိုက်မှာ မဟုတ်ပါဘူး၊ ဒီတော့ သမီးနဲ့ မေမေပဲ သင့်တော်တဲ့သူ ရှာပြီး ပေးစားလိုက်တာပေါ့''

''ကောင်းတယ် မေမေ''

''မေမေတို့ ပေါက်ကရတွေ လျှောက်မလုပ်နဲ့၊ ဖေဖေသိရင် ပြဿနာ

အကြီးအကျယ် တက်လိမ့်မယ်''

''ဘာလို့ တက်ရမှာလဲ ကိုကို၊ သူ့ကို ဘယ်လိုထားထား မရဘူး လေ၊ ဒီတော့ ယောကျ်ားပေးစားလိုက်တာ အကောင်းဆုံးပဲ''

''သူ့ဟာသူ နေပါစေ သဘ္ဘာရယ်၊ မုံလေး ပျာယာခတ်တာက လည်း တစ်ဖက်သားကို ထိခိုက်နစ်နာစေတာမှ မဟုတ်တာ၊ မပြောပ လောက်တဲ့ အမှားမျိုးလေးတွေပါ၊ နောက်ပြီး တစိမ်းလည်း မဟုတ်ဘူး၊ ကိုကိုတို့ရဲ့ ညီမဝမ်းကွဲလေးပဲ၊ သနားပါတယ်၊ သူ့မှာ တကယ် နှစ်သက်တဲ့သူ ရှိလာလို့ ပေးစားရတာ တစ်မျိုးပေါ့''

''အေး သားက သူ့အကြောင်းတွေကို အပေါ်ယံလောက်ပဲ သိတာကိုး၊ အတွင်းကျကျ သိတာက မေမေတို့ သားအမိပဲ၊ သား ပြောသလို သူ့ရဲ့ မပြောပလောက်တဲ့ အမှားအတွက်နဲ့တောင် သား ဖေဖေက မေမေတို့ကို ဒီလောက် အပြစ်ရှာချင်နေတာ သားလည်း တွေ့နေကြားနေ ရပါတယ်၊ မေမေတို့လည်း နှလုံးသားရှိတဲ့ လူပဲ၊ သူ့ကို သုံးလသမီးထဲက နို့ဘူးတိုက်ပြီး ချေးကလူ သေးကလူ ပြုစုစောင့်ရှောက် လာရတာ ပါ၊ ဘယ်သံယောဇဉ်မရှိဘဲ နေမလဲ၊ သားသမီးတွေလောက် မဟုတ်တောင် ချစ်တာပဲ၊ အခုဟာက သူကလည်း သူ့ပုံစံကို သေတောင် ပြင်မှာ မဟုတ်ဘူး၊ သမီးပြောသလို သူ့ကြောင့်ပဲ သားအဖေနဲ့ မေမေ အသက်ကြီးမှ ကွဲကိန်းမြင်တယ်''

''မေမေရယ် အဲဒီ လောက်ကြီးလည်း မဟုတ်ပါဘူး၊ မုံလေးက လည်း အတတ်နိုင်ဆုံး သတိထားပြီး အမှားမရှိအောင် လုပ်ပါ၊ ညီမလေး ကြောင့် ဘဘ စိတ်ဆင်းရဲတာ မမြင်ချင်ရင် ဘာလုပ်လုပ် လောလော လောလော မလုပ်ပါနဲ့၊ ညီမလေး ကိုကိုတို့ မိသားစုကို ချစ်တယ်မဟုတ် လား''

''ဟုတ်ကဲ့ ချစ်ပါတယ် ကိုကိုထိုက်''

''ဒါဆို ကိုကိုထိုက် ပြောသလို ညီမလေး အတတ်နိုင်ဆုံး

ကြိုးစားပေးနော်''

''ဟုတ်ကဲ့ပါ ကိုကိုထိုက်''

မျက်ရည်တွေ ဝိုင်းနေသော မျက်လုံးဝိုင်းကြီးတွေနှင့် ကျွန်မ ကြည့်ပြီး ခေါင်းညိတ်ပြတော့ ကိုကိုထိုက်က ကျွန်မကို အားပေးသလို ပြန်ကြည့်ရင်း ပြုံးပြသည်။ အမေရင်း ညီမရင်းကို ကျွန်မနဲ့ပတ်သက်လို့ ဒီလောက်ပြောပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ။

ကိုကိုထိုက် ကျွန်မ ခေါင်းလေးကို ပုတ်ပြီး ထသွားတော့ ကျွန်မ တစ်ကိုယ်လုံး အားငယ်စိတ်တွေ လွှမ်းခြုံသွားသည်။

''ခံပေဦးတော့'' ဆိုသော အကြည့်တွေနှင့် ထမင်းချက် ဒေါ်ကြီး မြင့်က လှမ်းကြည့်နေ၏ ။

''ကဲ မေမေရေ ဒီကောင်မကို ဘုရားစင်ပေါ် တင်ပြီးတော့ သမီးတို့ ကိုးကွယ်ထားရအောင်''

''အေး ကောင်းတယ် သမီးရေ ကောင်းတယ်''

''တကယ်ကို ဘာမှမပြောရဲသလောက်ပါပဲ မေမေရယ်''

''မပြောနဲ့ သမီးရေ၊ ဖြစ်နိုင်ရင် သားအဖနှစ်ယောက်ရှေ့မှာ မေမေတို့ ပါးစပ်တွေကို ပလာစတာနဲ့ ကပ်ထားရင် ပိုကောင်းမယ် ထင်တယ်''

ကြီးကြီးက မျက်ထောင့်နီကြီးနှင့် ကြည့်လာပြီးနောက် ကျွန်မ အား တစ်ခုခု လုပ်မရ၍ ဒေါသကို ထိန်းထားရသည့် ပုံစံမျိုးလုပ်ကာ ထမင်းစားခန်းထဲက ထွက်သွား၏ ။

''ဒေါက်''

''အား''

မမသဥ္ဇာကတော့ ကျွန်မ ခေါင်းကို အားရပါးရ ခေါက်သွားခြင်း ဖြင့် သူ့ဒေါသတွေကို မျိုသိပ်သွားပုံရသည်။

တစ်ယောက်တည်း ကျန်ခဲ့သော ကျွန်မအဖို့တော့ အရာမယွင်း သေးသည့် ကော်ဖီပဲ ဆက်သောက်ရမည်လား၊ ထူပူနေသော ခေါင်းအား ပွတ်ပြီး ငိုရမည်လားနှင့် ဘာလုပ်ရမှန်း မသိအောင် ကြောင်တောင် တောင်ကြီးနှင့် ဒေါ်ကြီးမြင့်ကို ကြည့်လိုက်သည်။

ဒေါ်ကြီးမြင့်၏ အကြည့်အောက်မှာ ဘယ်လိုမှ ထိန်းမရတော့ဘဲ မျက်ရည်တွေ တပေါက်ပေါက် ကျလာသည်။

''ဟင်း ညည်းရဲ့ ဝဋ်ကြွေးကလည်း မသေးပါလား သမီးရယ်''

ဒေါ်ကြီးမြင့် ခေါင်းလေးပွတ်ပြီး နှစ်သိမ့်သည့်အခါ ဝမ်းနည်း စိတ်တွေ ပိုပြီး တလိပ်လိပ် တက်လာသည်။

''ဒေါ်ကြီးမြင့်တော့ သူတို့ပြောသွားတာကို သဘောကျတယ် မုံလေး''

''ရှင် ဘာကိုလဲ ဒေါ်ကြီးမြင့်''

ကျွန်မက မျက်ရည်ကြားမှ ဒေါ်ကြီးမြင့်အား မေးလိုက်ပါသည်။

''စောစောက သူတို့ပြောတဲ့ မုံလေးကို ယောကျ်ားပေးစားမယ့် ကိစ္စလေ''

ကျွန်မ ကြည့်လိုက်သော အကြည့်ကို ဒေါ်ကြီးမြင့် နားလည် သွားပုံနဲ့ ကပျာကယာပင်

''ဒေါ်ကြီးမြင့်ကို တစ်မျိုး မထင်ပါနဲ့၊ ဒေါ်ကြီးက သူတို့လို မုံ လေး ဒီအိမ်မှာ မရှိရင် ပြီးရောဆိုတဲ့ သဘောမျိုး ပြောတာ မဟုတ်ပါဘူး၊ မုံလေးဘဝ တစ်သက်တာလုံးအတွက် စဉ်းစားပြီး ပြောတာပါ၊ ကျောင်း တက်တုန်းက မုံလေးကို ချစ်တဲ့ကြိုက်တဲ့ကောင်လေးတွေ မရှိဘူးလား''

''ရှိတာပေါ့''

''ရှိတယ် ဟုတ်လား၊ ဘယ်သူလဲ ကျောင်းသားပဲလား''

''အင်းပေါ့ သမီးနဲ့အတူတူ ကျောင်းတက်တဲ့ ကောင်လေးတွေ ပဲပေါ့၊ သူတို့ ဘယ်သူလဲ ဘာလဲဆိုတာတော့ သမီး ဘယ်သိမလဲ''

''မုံလေးက ညှို့လိုက်တာ၊ လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရတယ် သမီးရဲ့၊ အိမ်ထောင်ပြုတယ်ဆိုတာ အလကား အားလို့ လုပ်ကြတာ မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် အသက်ကြီးတဲ့အထိ အမှီသဟဲ ပြုကြရမှာ၊ သမီး နားလည်ရဲ့လား မသိဘူး''

''သိပ် နားမလည်ဘူး ဒေါ်ကြီးမြင့်''

''သိတယ် ညည်း နားမလည်ဘူးဆိုတာ၊ ဒီမှာ ဒေါ်ကြီးမြင့် သမီးနားလည်အောင် ပြောပြမယ်၊ ကိုထိုက်ရော သဉ္ဇာရောဟာ တစ်နေ့ မှာ အိမ်ထောင်ပြုကြမှာ သေချာတယ်၊ ကိုထိုက်ဆို ရည်းစားလည်း အသင့်ရှိနေတဲ့အတွက် နောက်နှစ်အလွန်ဆုံးပဲ၊ သဉ္ဇာလည်း ယောကျ်ား ယူမှာပဲ၊ သမီးကို သိပ်ချစ်တဲ့ ဘဘကလည်း သက်တမ်းအရဆို အရင် သေမှာလေ၊ ဒီတော့ သမီးတစ်ယောက်ထဲ ဘယ်သူနဲ့ နေမလဲ''

''ဒေါ်ကြီးမြင့်ကလည်း အဲဒီ လို ဝမ်းနည်းစရာတွေ မပြောပါနဲ့၊ ဘဘက မသေသေးပါဘူး၊ ဘဘက သမီးကို ခဏ ခဏပြောတယ်၊ သူ သမီးကို စိတ်ချလက်ချ ဖြစ်မှ သေမှာတဲ့''

''အေး အဲဒါ ပြောတာပေါ့၊ သမီးကို စိတ်ချလက်ချ ဖြစ်ဖို့ဆိုတာ စိတ်ချရတဲ့သူ လက်ထဲကို ထည့်ပေးမှ သူ စိတ်ဖြောင့်မှာပေါ့၊ အဲဒါဟာ ဘယ်သူ ရှိမလဲ၊ သမီးနဲ့ ရာသက်ပန် အတူလက်တွဲမယ့် သမီးရဲ့ခင်ပွန်း လောင်းပဲပေါ့၊ ကိုထိုက်က သမီးကို သိပ်ချစ်ပေမယ့် သူ့မိန်းမက ရှိသေး တယ်လေ၊ ဒါကလည်း ကိုထိုက် ယူမယ့် ချို့ချို့ကို အပြစ်ပြောလို့ မရ ဘူးလေ၊ သဉ္ဇာဆိုပိုတောင် ဆိုးဦးမယ်၊ အနားတောင် ကပ်လို့ရမှာ မဟုတ်ဘူး၊ ဒေါ်ကြီးမြင့်က ဝမ်းနည်းစရာ ပြောတာ

မဟုတ်ဘူး၊ သင်္ချိုင်းသဘောတရားကို ပြောတာ၊ မဖြစ်မနေ လူသားတိုင်း ကြုံတွေ့ရမှာကို ပြောတာ''

''ဒါဆို သမီးက ယောကျ်ားမဖြစ်မနေ ယူမှာပေါ့''

''ဒါပေါ့''

''ကြီးကြီးနဲ့မမသန္တာ ပေးစားမယ့် ယောကျ်ားကို ယူလိုက်ရင် ကော''

''ညည်းနှစ်သက်ဖို့လည်း လိုသေးတာပေါ့ မုံလေးရယ်၊ ကိုထိုက် လည်း ပြောသွားသားပဲ၊ တကယ်ကို မုံလေး စိတ်ဝင်စားတဲ့ ယောကျ်ား တစ်ယောက်တလေမှ မရှိဘူးလား''

''သမီးက အဲဒါမျိုးတွေ တစ်ခါမှ စိတ်မကူးမိဘူး''

''တုံးပဲ့ါအေ အသက် ဘယ်လောက်ရှိပြီလဲ''

''၁၉ နှစ်''

''တချို့ ၁၉ နှစ် ကောင်မလေးတွေဆို ရည်းစား နှစ်ယောက် လောက် ကွဲပြီးပြီ''

''ဒေါ်ကြီးမြင့်က ဘယ်လိုလုပ်သိလဲ''

''ဟဲ့ သက်တန်းအတွေ့အကြုံအရ သိတာပေါ့၊ ကဲပါ ပြီးခဲ့တာ တွေ ထားလိုက်တော့၊ ဒေါ်ကြီးမြင့် ပြောမယ်၊ နောက်ကို ဘယ်ယောကျ်ား ကိုမှ အမှုမဲ့ အမှတ်မဲ့ မနေနဲ့တော့၊ သမီးကို ကြိုက်တဲ့ ကောင်လေးတွေ မှန်သမျှ ဒေါ်ကြီးမြင့်ကို ပြော၊ ဒေါ်ကြီးမြင့် စုံစမ်းပြီး သင့်တော်မတော် ဆုံးဖြတ်ပေးမယ်''

''သမီးလို အိမ်ထဲက အိမ်ပြင် မထွက်ရတဲ့သူကို ဘယ် ယောကျ်ားက လာကြိုက်မှာလဲ''

''အဲဒါကြောင့် ညည်းကို တုံးတယ်လို့ ပြောတာပေါ့၊ ကိုယ့်မှာ

ရှားရှားပါးပါး တက္ကသိုလ်တက်တဲ့ အချိန်လေးမှာ ရည်းစားတစ်ယောက် လောက် ထားလိုက်တော့ ဘာဖြစ်မှာမို့လဲ''

''သမီးက သူများတွေလို Day တက်တာမှ မဟုတ်တာ၊ အဝေး သင်ဆိုတော့ စာနဲ့ပဲ လုံးပမ်းနေရတာ စာမေးပွဲ မအောင်ရင်လည်း မဖြစ်ဘူးလေ''

''အမလေးအေ နည်းနည်းပါးပါးလောက်တော့ အချိန်ရဦးမှာ ပါ၊ ညည်းကိုယ်တိုင်က ဒီကိစ္စတွေ စိတ်မဝင်စားလို့ပါ၊ အခု ဒေါ်ကြီးမြင့် ပြောမယ်၊ အပြင်က အလျဉ်းမထွက်ရတာ လည်း မဟုတ်ပါဘူး၊ ဘုရား သွားတာတို့ ဈေးသွားတာတို့ ရှိပါတယ်၊ နောက်နေ့ကစပြီး ဒေါ်ကြီးမြင့် ဈေးသွားရင် လိုက်ခဲ့၊ ဒီကြားထဲ ကိုထိုက် သူငယ်ချင်းတို့ သဉ္ဇာရဲ့ ယောကျ်ားလေး သူငယ်ချင်းတို့ အိမ်လာရင် မယောင်မလည်နဲ့ ကိုယ်ရောင် ထွက်ပြကြားလား''

''ရှက်စရာကြီး ဒေါ်ကြီးမြင့်ရယ်''

''ဟဲ့ ဒါ ရှက်စရာ မဟုတ်ဘူး၊ ညည်းနဲ့တော့ ခက်တော့တာပဲ''

''ကိုကိုထိုက်နဲ့ မမသဉ္ဇာ ဆူရင်ကော''

''ပေါ်တင်ကြီးတော့ မထွက်နဲ့ပေါ့၊ မသိမသာလေး ဟိုလိုလို ဒီလိုလို လုပ်ဖို့ ပြောတာ၊ အမလေး ငါ့နှယ် မောလိုက်တာ၊ ဆယ့်သုံးနှစ် သမီးကို သင်ပြရင်တောင် ညည်းထက် နားလည်လွယ်ဦးမယ်''

ဒေါ်ကြီးမြင့်က မြည်တွန်တောက်တီးရာမှ မောသွားသလို ကျွန်မ ကို ခပ်စူစူကြီး ကြည့်နေပါသည်။

သေသေချာချာ တွေးကြည့်မှ ဒေါ်ကြီးမြင့် ပြောတာတွေဟာ ဟုတ်ပါလား။ ငါ့အတွက် ပြောနေပါလားဆိုတာ သဘောပေါက်သွားရ သည်။ ဒါဆိုရင် ကျွန်မ လုပ်ရမှာက ချစ်သူတစ်ယောက် အမြန်ရှာရမှာ ပေါ့၊ ထိုသို့ တွေးလိုက်တော့မှ အဝေးသင်အနီးကပ် တက်တုန်းက ကျွန်မအား ရည်းစားစကား

လိုက်ပြောသော ကောင်လေးတွေကို သတိရ သွားသည်။ ဒီတုန်းကတော့ ထိုကိစ္စတွေ စိတ်မဝင်စားသည့်အတွက် ခေါင်းထဲမှာကို မထည့်ပါ။

အဝေးသင်တက်တုန်းက ခင်ခဲ့သော အေးအေးဆိုသည့် သူငယ် ချင်း တစ်ယောက် ရှိခဲ့သည်။ အေးအေး ဆိုသည့် နာမည်နှင့်လိုက်အောင် အေးဆေးသော်လည်း အေးအေး၏ ဘဝကတော့ မအေးငြိမ်းပါ။ ရပ်ကွက် တစ်ခုမှ ကိုယ်ပိုင်အိမ်လေးတစ်လုံးသာ ပိုင်ပြီး အေးအေးက မိသားစု များသော ညီအစ်ကို မောင်နှမများတွင် အကြီးဆုံး ဖြစ်သည်။

တစ်နေ့လုပ်မှ တစ်နေ့စားရသော အေးအေးတို့ မိသားစုသည် လူဆင်းရဲသော်လည်း စိတ်ချမ်းသာသည်။ ကျွန်မလည်း အေးအေးတို့လို လူမချမ်းသာလျှင် နေပါစေ၊ စိတ်ချမ်းသာချင်ပါသည်။

ကျွန်မအတွက် စားဖို့နေဖို့ မပူရသော်လည်း အမြဲ စိတ်ဆင်းရဲ နေရသည်။ ကျွန်မနှင့် အေးအေး အပြန်အလှန် သူ့အကြောင်း ကိုယ့် အကြောင်း ပြောကြတုန်းက ကျွန်မ အကူအညီလိုလျှင် အကြောင်းကြား ဖို့ အိမ်လိပ်စာ ဖုန်းနံပါတ် ပေးသွား၏ ။

ကျွန်မကို တစ်နေ့တစ်နေ့ ရည်းစားစကား ပြောသူတွေ များ လွန်းလို့ အေးအေးတောင် သြချယူရသည်။ ဒေါ်ကြီးမြင့်သာ လွန်ခဲ့ သော လေးငါးခြောက်လထဲက ဒါမျိုးကိစ္စတွေ သင်ထားခဲ့လျှင် နောက်ဆုံး နှစ်တက်သည့်အချိန်မှာ ကျွန်မအတွက် အားကိုး အားထားရမည့် ယောကျ်ားတစ်ယောက်ကို အဖြေပေးလိုက်ပါသည်။ အခုတော့....။

*

## အခန်း (၂)

သမား အလုပ်က ပြန်လာတယ်ဆို သနပ်ခါးအဖွေးသားနဲ့ မေမေ့ရဲ့အပြုံးချိုချိုလေးကြောင့်ပဲ အမောပြေခဲ့ရတာ ဖြစ်သည်။

''သားလေး ပြန်လာပြီ၊ အဆင်ပြေရဲ့လား''

ဒါလည်း သမား ပြန်လာတိုင်း မေမေ မေးနေကျ ဖြစ်သည်။

သမားက ပြေပါတယ် မေမေရယ် ဟုဆိုကာ မေမေ ထိုင်နေ သော နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ မေမေနှင့် ပူးပူးကပ်ကပ် ထိုင်ချပြီး မေမေ့ ပါးနှစ်ဖက်ကို အမြဲနမ်းနေကျ ဖြစ်သည်။

ဒါက သမားနဲ့မေမေရဲ့ တစ်ရက်မှ မပျက်ကွက်သည့် နေ့စဉ် အလုပ်တစ်ခုဖြစ်၏ ။ သားအမိနှစ်ယောက်တည်းရှိသည့် မေမေက သမား ကို တုန်နေအောင် ချစ်သလို သမားကလည်း မေမေ့အား မျက်စိ အောက်က အပျောက်မခံနိုင်အောင် ချစ်ရသည်။

သမားသည် Y.I.T မှ ဘွဲ့ရပြီး ကိုယ်ပိုင်ငွေရင်းငွေနှီး စိုက်ကာ ကန်ထရိုက်အလုပ်ကို လုပ်ခဲ့သည်။ ကိုယ်ဝါသနာပါသည့် လုပ်ငန်း ဖြစ်သည့်အတွက် ထိုအလုပ်လုပ်ရတာ သမား ပျော်သည်။ လုပ်သက်နည်း နည်းရသည်နှင့် အကျိုးလည်း ဖြစ်လာခဲ့သည်။

သမား ဘဝမှာ ဖခင်မဲ့တာကလွဲရင် အစစအရာရာ လိုလေ သေးမရှိ ပြည့်စုံပါသည်။ ဖခင်မဲ့သည့်အတွက် ဖခင်အစားပါ မေမေ ပိုချစ်သော အချစ်တွေက လျှံပြန်တောင်နေပါသေးသည်။ အသက်နှစ် ဆယ့်ငါးနှစ်ရှိနေပြီဖြစ်သည့် သမားအပေါ် မေမေ ပြောဆိုဆက်ဆံပုံက ငါးနှစ်သားလေးအား ပြောဆိုဆက်ဆံပုံ ဖြစ်သည်။

''ပင်ပန်းနေပြီလား သားလေး''

မေမေ့လက်မောင်းလေးပေါ်သို့ ကန့်ကလျ မှီနေသော သမား မျက်နှာအား မေမေ ကြင်ကြင်နာနာ ငုံ့ကြည့်ပြီး မေးနေ၏။

''မပင်ပန်းပါဘူး မေမေရယ်''

''သား မျက်နှာလေး ညှိုးနေရင် အလုပ်များပင်ပန်းလား၊ အလုပ်ထဲမှာမှ အဆင်ပြေရဲ့လားဆိုပြီး စိုးရိမ်တယ် သားရယ်''

''မေမေရယ် မေမေ အဲဒီ လို စိုးရိမ်နေတာကို သား မခံစားနိုင် ဘူး၊ သား အလုပ်က အပေါ်ယံလေး လုပ်ရတာ ၊ ဘာ ပင်ပန်းစရာရှိ လို့လဲ၊ အလုပ်ထဲမှာလည်း အားလုံးနဲ့ အဆင်ပြေတယ်၊ မေမေ့သား သဘောကောင်းလေးက ဘယ်သူနဲ့ဖြစ်ဖြစ် အဆင်မပြေဘူး ဆိုတာ ဘယ်နှစ်ခါရှိခဲ့ဖူးလို့လဲ''

''ဟုတ်ပါတယ် သားရယ်၊ မိခင်စိတ်နဲ့ အစိုးရိမ်ပိုတာပါ၊ မေမေ့ မှာက ရှားရှားပါးပါး ဒီသားလေး တစ်ယောက်ရှိတာ မစိုးရိမ်လို့ ရမလား''

''ကဲဗျာ မေမေ့သဘော၊ မေမေ့သဘော''

ဒီတော့မှ မေမေက ကျေကျေနပ်နပ်ကြီး ပြုံးနေ၏။

''ဪ အန်တီနီ ဖုန်းဆက်သေးလား၊ တရားစခန်း ဝင်ဖြစ် လား မေမေ''

''ဆက်တယ် သားရေ၊ တရားစခန်းလည်း ဝင်ဖို့ မေမေက ကတိပေးလိုက်ပြီ''

''ကောင်းတယ် မေမေ၊ ကောင်းတယ် သားအတွက် မေမေ ဘာမှမပူနဲ့၊ မေမေ စိတ်အေးလက်အေးသာ ဘုရားတရားအလုပ်ကို လုပ်''

''အေးပါ သားရယ်''

''ဒါဆို သား ခဏနားပြီး ရေချိုးတော့မယ်နော်''

''ကောင်းပါပြီရှင်''

ပြောပြောဆိုဆို သမားပါးနှစ်ဖက်အား မေမေ ဘယ်ပြန်ညာပြန် နမ်းလိုက်၏ ။

သမားက ငါးမိနစ်လောက် နားပြီးတာနှင့် သွေးပူလေ့ကျင့်ခန်း နာရီဝက်လောက် လုပ်သည်။ ပြီးတာနှင့် ချွေးတိတ်အောင် ခဏစောင့်ပြီး ရေချိုးသည်။ ရေချိုးအကျႌဝတ်ပြီး မေမေနှင့်အတူ ထမင်းစား႔ ႐ုပ် ကြည့်ရင်း မေမေနှင့် စကားစမြည် ပြောကြသည်။ ကိုးနာရီထိုးသည်နှင့် မေမေက ဘုရားရှိခိုးပြီး အိပ်ရာဝင်သည်။

သမားကတော့ အလုပ်က အကြွေးပါလာရင် ပြီးအောင်လုပ်၊ အလုပ်ပြီးတာနှင့် သီချင်းဖွင့်ချင်ဖွင့် မဖွင့်လျှင် အခွေကြည့်။ သမား အိပ်ရာ ဝင်ချိန်သည် ပုံမှန် ဆယ့်နှစ်နာရီ ဖြစ်သည်။

*

အခု မေမေက တရားစခန်း ဝင်မည်တဲ့။ သမား သိတတ်စ ကတည်းက မေမေသည် သမားကိစ္စတွေနှင့်သာ အချိန်ကုန်တတ်သည်။ ရတနာ သုံးပါးကို ကြည်ညိုလေးစားသော မေမေက အိမ်မှာသာ ဘုရား ရှိခိုး တရားထိုင်ခြင်း အလုပ်တွေ လုပ်သည်။ တရားစခန်း ဝင်တာမျိုးတို့ ဘုန်းကြီးကျောင်းမှာ ဥပုသ်သီလ သွားစောင့်တာမျိုးတို့ကိုတော့ သမား ငယ်ငယ်ကတည်းက တစ်ခါမှ သွားတာ မတွေ့ပါ။ သမား ဘယ်လိုပဲသွား ခိုင်းသွားခိုင်း သမားကို စိတ်မချ၍ အကြောင်းအမျိုးမျိုး ပြကာ ငြင်း တတ်သည်။

သူမ သွားလျှင် ကျန်ခဲ့မည့် သားအတွက် စားရေးသောက်ရေး

နေရေးထိုင်ရေး အဆင်မပြေမည်ကို အလွန်စိုးရိမ်တတ်သော မေမေ ဖြစ်သည်။ ဖေဖေနှင့်ရော မေမေနှင့်ပါ ငယ်သူငယ်ချင်း ဖြစ်သည့် အန်တီနီ ကလည်း မေမေ့လိုပင် မုဆိုးမတစ်ယောက် ဖြစ်သည်။ အန်တီနီလာ ခင်ပွန်း ဆုံးသွားတာတော့ သိပ်မကြာသေးပါ။ အန်တီနီလာက ခင်ပွန်းဆုံး သွားပြီးကတည်းက တရားစခန်းရက်ရှည်တွေ အဆက်မပြတ် ဝင် သည်။ အခု အန်တီနီလာ ဘယ်လိုဆွယ်လိုက်သည် မသိ၊ မေမေ တရားစခန်းဝင် မည် ဖြစ်သွားသည်။ ဒီအတွက်ပဲ သမား အရမ်းပျော် သွားရသည်။

အသက် (၅၃) ရှိနေပြီဖြစ်သော မေမေ့ကို ကိုယ်နှင့်အတူပါမည့် ကုသိုလ်ကောင်းမှုအလုပ်တွေကို လုပ်စေချင်တာ ကြာပြီ။ အခုမှပဲ သမား ဆန္ဒပြည့်ဝတော့သည်။

မေမေ တရားစခန်းဝင်နေသည့် ရက်တွေမှာ သမားနှင့် မမ သန္တာ နှစ်ယောက်တည်း ဖြစ်သည်။ မမသန္တာက ဖေဖေ့ဘက်မှ တူမ ဝမ်းကွဲဖြစ်ပြီး ဖေဖေနှင့်မေမေ ညားကတည်းက မိထွေးနှင့်နေသော မမသန္တာကို ခေါ်ထားခြင်း ဖြစ်သည်။ အသက် (၃၅)နှစ် ရှိပြီဖြစ်သည့် မမသန္တာက အိမ်ထောင်သားမွေးအလုပ်ကို စိတ်မဝင်စားသော အပျိုကြီး ပီပီ ဦးလေးဖြစ်သူ ဖေဖေ မရှိတော့ပေမယ့် မေမေနဲ့ သမားကို သံယောဇဉ် တွယ်သူကာ သမားတို့နှင့်ပဲ တစ်သက်လုံး နေသွားမည့်သူ ဖြစ်သည်။

မမသန္တာက သက်သက်လွတ်လည်း စားတတ်တာကြောင့် သမားက ကိုယ့်အတွက် အလုပ်ပိုမှာစိုးကာ အပြင်မှာသာ ဝယ်စားသည်။

မေမေ တရားစခန်းက ထွက်လာမှပဲ အိမ်မှာစားတော့မည်။

မေမေ တရားစခန်းဝင်လို့ သုံးရက်မြောက်သည့် နေ့မှာတော့ အလုပ်က စောစောပြန်ပြီး မေမေ့ဆီ ဝင်ခဲ့သည်။

''မေမေ့ကို သား လာတွေ့မှာပါ''

ဟု ဆိုတော့...

''မတွေ့ပါနဲ့ သားရယ် ဒီရက်လေးကိုတော့ သံယောဇဉ် ဖြတ်ထားတာ ကောင်းပါတယ်''

ပါးစပ်ကသာပြောနေပေမယ့် မေမေ့မျက်ဝန်းထဲမှာ သံယောဇဉ် မပြတ်သည့် အရိပ်အရောင်တွေ တွေ့နေရသည်။

မေမေ ပြောသလို တရားစခန်း ဝင်နေသည့် ဆယ်ရက်လုံး သမား သွားမတွေ့လျှင် မေမေ တရားကို စိတ်ဖြောင့်လက်ဖြောင့် မလုပ် နိုင်မှာ သေချာသည်။ ကိုယ့်အမေ အကြောင်း ကိုယ်အသိဆုံး ဖြစ်သည်။

သမား မေမေ့ဆီရောက်တော့ မေမေ့လို တရားစခန်း ဝင်သူ တွေက သမားလိုပဲ ဆိုင်ရာ ဆိုင်ရာကို လာတွေ့သောသူတွေနှင့် စကား ပြောနေသည်။

''ဟယ် သားလေး လာတယ် လာ သား''

သမားက အပြုံးနှင့် လှမ်းခေါ်နေသော မေမေ့နားမှာ ဝင်ထိုင် ရင်း အနားရှိ အန်တီနီလာ့ကိုပါ ပြုံးပြလိုက်သည်။

''မေမေ ဒီမှာ မေမေနဲ့ အန်တီနီအတွက် စားစရာတွေ''

''ဘာတွေတုန်း သမားရဲ့''

''အစုံပါပဲ အန်တီနီ ကြိုက်တတ်မယ့် မုန့်တွေရော အသုံး တည့်မယ့် ပစ္စည်းတွေရောပေ့ါ''

''ပြည့်စုံပါတယ် သားရဲ့၊ အလုပ်မှာလည်း သား တစ်နေကုန် ပင်ပန်းနေတာ၊ နောက်နေ့တွေ မလာနဲ့တော့''

''မပင်ပန်းပါဘူး မေမေရယ်''

သမားက အန်တီနီနှင့်တကွ တခြား ယောဂီတွေရော ဧည့်သည် တွေရော

ရှိနေသည့်အတွက် ထိုမျှလောက်ပဲ ပြောလိုက်သည်။

''သားက မေမေ့မျက်နှာကို တစ်နေ့ မမြင်ရရင် မနေတတ်ဘူး၊ အခု သုံးရက်လောက် မတွေ့ရတာ တောင် သား တော်တော် လွမ်းလှပြီ''

သမား ဒါကိုတော့ ထုတ်မပြောဘဲ စိတ်ထဲကသာ ရေရွတ်လိုက် သည်။ ယောကျာ်းဖြစ်ပြီး အပိုတွေ တော်တော် ပြောသည့်သူဟု ထင်မှာ စိုး၍ ဖြစ်သည်။ တခြားသူတွေ အတွက်တော့ ထင်လည်း ထင်စရာပင်။ ဒါပေမဲ့ သမားနဲ့မေမေ အကြောင်း သမားနဲ့မေမေသာ သိပါသည်။

မေမေက သူ့မိတ်ဆွေ ယောဂီတွေနှင့် မိတ်ဆက်ပေး၏ ။

မေမေ့၏ ဓမ္မမိတ်ဆွေတွေမှ တစ်ဆင့် 'ရွှေသဥ္ဇာ'ဆိုသော သူမ ကို စတွေ့ခဲ့ခြင်းဖြစ်သည်။ ရွှေသဥ္ဇာဆိုသည့်အတိုင်း သူမ အသားအရည် လေးသည် ရွှေအဆင်းလေးလို ဝင်းဝါအိစက်ပြီး မတို့မထိရက်စရာလေး ပင် ဖြစ်သည်။

မျက်နှာဝိုင်းဝိုင်း နှာတံပေါ်ပေါ်နဲ့ နှုတ်ခမ်းထူထူပြည့်ပြည့်လေး တစ်စုံသည် တကယ်ကို စွဲမက်စရာ ကောင်းလွန်းပါသည်။ သူမ အရပ် အမောင်းနှင့် သူမ ကိုယ်လုံးကိုယ်ထည်သည် လုံးဝ အပိုအလိုမရှိ အနေတော်လေးပင် ဖြစ်သည်။ သူနှင့်စတွေ့သည့်နေ့မှာတော့ ရွှေသဥ္ဇာက ကျောလယ်လောက်ရှိသော ဆံပင်အခွေအလိပ်ကြီးတွေကို စုစည်းထား ၏ ။

အားလုံးကို ခြုံပြီးပြောရလျှင် ရွှေသဥ္ဇာသည် သိပ်ကိုလှပသည့် မိန်းမလှလေး တစ်ယောက် ဖြစ်သည်။ တခြား မိန်းမတွေနှင့်မတူဘဲ တမူထူးခြားပြီး လှသည့် ကောင်မလေးအား ရင်ခုန်မိတာ ဆန်းတော့ မဆန်းသည့် ဖြစ်ရပ်ပင် ဖြစ်သည်။

ရွှေသဥ္ဇာ၏ အမေကလည်း မေမေ၊ အန်တီနီတို့နှင့်အတူ တရား စခန်းဝင်ပြီး မေမေတို့နှင့်တောင် အတော် ခင်နေကြပြီ။

ညှော့ချိန်ကုန်တော့ လာကြသည့် ညှော့သည်တွေ အသီးသီး ပြန်ဖို့ပြင်ကြသည်။ သမားက ဟိုလိုလို ဒီလိုလိုနှင့် အားလုံးရဲ့နောက်ဆုံးမှ ထွက်လာပြီး ရွှေသဥ္ဇာ့ကို ကြည့်လိုက်သောအခါ သူမက သူမ ကားလေး ပေါ် တက်သွား၏ ။

မေမေ မိတ်ဆက်ပေးသည့်ထဲမှာ ရွှေသဥ္ဇာတို့ ဘယ်မှာနေလဲ ဆိုတာ မပါသည့်အတွက် သမားက သူမ ဘယ်မှာနေလဲဆိုတာ သိချင် နေသည်။ သွားမေးဖို့ကျတော့လည်း မမေးရဲပါ။ သမားဘဝမှာ မိန်းမတွေ နှင့် ပတ်သက်၍ ရင်ခုန်လှုပ်ရှားရတာ သည် ဒါ ပထမဦးဆုံးအကြိမ် ဖြစ်သည်။

ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့သော သမားက ဒုတိယနှစ် ကျောင်းတက်စဉ် ကောင်မလေး တစ်ယောက်ကို စပြီး စိတ်ဝင်စားခဲ့သည်။ သူငယ်ချင်းတွေ အမျိုးမျိုးမြှောက်ပင့်ပေးသော်လည်း ဒီလိုကိစ္စနှင့် ပတ် သက်လျှင် သတ္တိမရှိသော သမားအား ကောင်မလေးက ရွဲ့ပြီး တခြား တစ်ယောက်အား အဖြေပေးလိုက်သည်။ ရည်းစားမရခင်ဘဲ သမား အသည်းကွဲခဲ့သည်။ တော်တော်ကြာကြာ နလံမထူနိုင်သော သမားအား နောက်ဆို ကိုယ်ချစ်သည့် မိန်းကလေး တွေ့လျှင် ဘယ်တော့မှ နောက် မကျစေနဲ့ဟု သူငယ်ချင်းတွေက ဝိုင်းသတိပေးကြသည်။ ထိုအချိန်မှစ၍ သမားအကြောင်းကို သိသော အတန်းထဲက ကောင်မလေးတွေသည် သမားအား 'ကျန်ရစ်'လို့သာ နောက်ပြောင်ခေါ်ကြသည်။

ကျောင်းတုန်းက အကြောင်းကို သမား သတိရသွား၍ စဉ်းစား နေစဉ်မှာပဲ ရွှေသဥ္ဇာက ကားစက်နှိုးနေပြီ။ သွားပြီ ခဏနေပါဦးဆိုပြီး ခေါ်ရတော့မလိုလို နောက်ကနေ ကားနဲ့ပဲ လိုက်ရတော့မလိုလိုနှင့် နောက် ဆုံးမှာ ရွှေသဥ္ဇာ ကားလေး ထွက်သွားကာ သမားသာ စိတ်ကူးတွေယဉ်ပြီး ကြောင်တောင်တောင်ကြီး ကျန်ခဲ့၏ ။

*

''ဟား ဟား ဟား ဒီတစ်ခါ ထပ်ကျန်ရစ်ဖြစ်ရင်တော့ မင်း ဘယ်လိုမှ နလံပြန်ထူမှာ မဟုတ်တော့ဘူးနော် သမား''

''မင်းကလည်းကွာ ပါးစပ်ပုတ်ကြီးနဲ့၊ ဒီတစ်ခါတော့ ဖူးစာရေး နတ်ကြီးက သေသေချာချာ ဆုံစည်းအောင်ကို ပစ်ပေးမှာပါ''

ကျောင်းနေသည့် တစ်လျှောက်လုံး အတွဲဆုံးလည်းဖြစ်၊ ယခု လုပ်ငန်းလုပ်သည်အထိလည်း အတူတွဲလုပ်နေသော သူငယ်ချင်း နေမျိုး ကို သမားက ပြောပြတော့ နေမျိုးက ကျောင်းတုန်းက အကြောင်းကို သတိရပြီး ဟားနေခြင်းဖြစ်သည်။

''အေးပါ အေးပါ ငါ့သူငယ်ချင်း လူပျိုကြီးကို သူချစ်ကိုယ်ချစ် ရည်းစားတစ်ယောက်လောက် ရစေချင်ပါပြီ၊ ဒီခေတ်ကြီးထဲမှာ ဒီအသက် အရွယ်ထိ ရည်းစားတစ်ယောက်မှ မရှိသေးဘူးဆိုတာ ချပြောရမှာတောင် ရှက်စရာကြီး''

နေမျိုး ပြောတာ ဟုတ်နေသည့်အတွက် သမားက မျက်နှာငယ် လေးနဲ့သာ ကြည့်နေမိသည်။ နေမျိုး ပြောလည်း ပြောစရာပါပဲ။ ကျောင်း တုန်းက တွဲခဲ့သော သူငယ်ချင်းတွေအားလုံး မိန်းမရသည့်သူနှင့် ရည်းစား ကိုယ်စီရှိသည့် သူနှင့် သမားတစ်ယောက်သာ အထီးကျန်တစ်ယောက် တည်း ဖြစ်နေသည်။

ပြောမယ်ဆို သမားက သူငယ်ချင်းတွေအားလုံးထဲမှာ ရုပ်ရော ဘော်ဒီရော အဖြောင့်ဆုံးဖြစ်သည်။ ရည်းစားမရှိတာ သမားက ချေး အလွန်များလွန်းလို့လည်း ဖြစ်သည်။ သမားကို စိတ်ဝင်စားသော ချော ချောလှလှ ကောင်မလေးတွေ အများကြီး ရှိခဲ့သည်။ သူငယ်ချင်းတွေ ကလည်း အောင်သွယ်ပေးကြပေမယ့် သမားက မကြိုက်ခဲ့။

''ဒီတစ်သက် မိန်းမ ရမှာ မဟုတ်ပါဘူး''ဆိုပြီး အထင်သေး အမြင်သေး ပြောကြသည့် သူငယ်ချင်းတွေကို ပြန်ကြွား၍ ရပြီ။ နေမျိုးက ကိုယ်နဲ့အနီးစပ်ဆုံး ဖြစ်သည့်အတွက် ဒီကောင့်ကိုပဲ အရင်ဆုံး ရင်ဖွင့်ရ သည်။ နေမျိုးကလည်း ကျောင်းတုန်းကတည်းက ချစ်သူဖြစ်ခဲ့သော Eco ကျောင်းသူ၊ အခုတော့ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေသည့် သူ၏ ရည်းစားနှင့် သိပ်မကြာခင်မှာ ယူကြတော့မှာ ဖြစ်သည်။

''ဒါဆို ဒီနေ့ရော အန်တီ့ဆီ မင်း သွားဦးမှာပေါ့''

''ဒါပေါ့၊ ဒီတစ်ခါ သူနဲ့တွေ့ရင် ငါ ဘာပြောရမလဲဟင်''

''ကျွတ် မင်းကလည်း တုံးပ့ါ၊ အေးပေ့ါလေ မင်းက ဒီကိစ္စနဲ့ ပတ်သက်ရင် ဘာမှလည်လည်ပတ်ပတ် မရှိတဲ့အခါကျတော့ သိတဲ့သူကို ဆရာတင်ရတာ မဆန်းပါဘူး''

ခံဦး လို့ ကိုယ့်ကိုကိုယ် ပြောရင်း ဆရာကြီးဂိုက်နှင့် နေမျိုးကို ခပ်စွေစွေလေး ကြည့်ပေးလိုက်သည်။ ငနဲသားက ဒူးတန့်န့်နှင့် မေးစေ့ကို ပွတ်နေ၏ ။ အမြင်ကပ်လိုက်တာ ပြောနေစရာတောင်မလို။

''ဒီတစ်ခါတော့ မင်း သတ္တိတွေ အတင်းသာ သွင်းထားပြီး သွားစကားပြော''

''ဘာပြောရမလဲ''

''မင်းနဲ့သူ သိပြီးသားပဲ၊ သဌာ ဘယ်လိုပြန်မှာလဲ၊ တစ်ခုခု လိုက်စားပါလား၊ ဘာညာပေ့ါကွာ''

''အခုမှ သိတဲ့ မိန်းကလေးတစ်ယောက်ကို တစ်ခုခု လိုက်စားဖို့ ခေါ်လို့ ကောင်းပ့ါမလားကွ''

''ကောင်းတယ်၊ ဒီခေတ်ကြီးထဲမှာ ဒါမျိုးက မဆန်းတော့ဘူး''

''သူက မလိုက်ဘူးဆိုရင်ကော''

''မလိုက်ဘူးလို့တော့ မင်းလိုလူမျိုးကို အပြတ်မငြင်းဘူး၊ စိတ်ချ မသကာ ပြောရင် မစားတော့ပါဘူး၊ ဗိုက်ပြည့်နေလို့ ဘာညာ ဒီလောက်ပဲ ပြောမယ်''

''ဟုတ်ရဲ့လားကွာ''

''ဩော် မယုံရင် မင်း ခေါ်ကြည့်လိုက်''

''အဲဒီ လို ဗိုက်ပြည့်နေတယ်ဆိုရင် ငါက ဘာဆက်ပြောရမလဲ''

''ဒီမှာ အဲဒီ အခါကျရင် မင်းဘာသာ ပြောတတ်သွားလိမ့်မယ်၊ အဲဒါက မသင်ဘဲနဲ့ကို တတ်တဲ့ပညာတွေပဲ၊ ငါ့သူငယ်ချင်း အဆင်ပြေမှာပါ အဲ ရည်းစားမရှိဘူးဆိုရင်ပေါ့ကွာ''

နေမျိုး ပြောလိုက်သော စကားကြောင့် သူ ငေးခနဲ ဖြစ်သွားရ သည်။

ဟုတ်တော့ ဟုတ်သည်။ ကိုယ်ဖြစ်ချင်တာသာ ပြောနေတာကိုး။ ဒီလောက်ချောသည့် ကောင်မလေးမှာ ရည်းစားရှိချင် ရှိနေနိုင်သည်။ အတွေးနှင့်တင် သမား ရင်ထဲ အောင့်သက်သက် ဖြစ်သွားရသည်။

''ကဲပါ အဲဒီ လောက်လည်း စိတ်ဓာတ်ကျမသွားပါနဲ့၊ မင်းနဲ့ ဖူးစာကံမှန်ရင်တော့ သူ့မှာလည်း ရည်းစား ရှိမှာ မဟုတ်ပါဘူး''

''ရည်းစားရှိရင် ရှိတယ်လို့ ပြောမှာပေါ့နော်''

''ပြောမှာပေါ့၊ မပြောဘဲ နေမလား''

''အေးပါ ငါ ဒီနေ့တော့ သူ့ကို ဆက်ဆက်ကြီးကို သွားစကား ပြောမှာ''

''အဆင်ပြေပါစေ သူငယ်ချင်း၊ အဆင်ပြေမှ ကျန်တဲ့ကောင် တွေကို ကြွားတာပေါ့''

သူက ခေါင်းသာ ညိတ်နေရသည် အားမရှိဖြစ်နေသည်။ ရည်း စားသာ

ရှိသည်ဆိုလျှင် သူ ဆွေးပြီ။

မင်းကိုငါ အရမ်းသဘောကျတယ် ရွှေသဥ္ဇာ။ ငါ့မေတ္တာ မှန် ရင် မင်းမှာ ရည်းစားမရှိပါစေနဲ့လို့ ဆုတောင်းတယ်။

*

# အခန်း (၃)

သမား ဆုတောင်းပြည့်ခဲ့ပါသည်။ ဆုတောင်းပြည့်ရုံတင် မက သမား ကံပါကောင်းသည်ဟု ပြောရအောင် သမားအလုပ်က စော စောပြန်ကာ ရေချိုး အဝတ်အစားလဲပြီးမှ မေမေ့ဆီ ထွက်လာခဲ့သည်။ သမား မေမေ့ဆီရောက်တော့ ရွှေသဉ္ဇာက မနက်က တစ်ခေါက်လာပြီး ဒီညနေ မလာတော့ဘူးဆိုတာကို သိရသည်။ သူမကို သမား စောင့်ရင်း မေမေနဲ့ စကားပြောနေစဉ်မှာပဲ သူမ အမေက မေမေနှင့် အန်တီနီကို ပြောနေတာ ကြားခြင်း ဖြစ်သည်။

သမား စိတ်ဓာတ်ကျကျနှင့် မေမေ၊ အန်တီနီနဲ့ ရွှေသဉ္ဇာ အမေကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

သူမ ဘာလို့ ညနေမလာဘဲ မနက်ကတည်းက လာသွားရတာ လဲ။ ရွှေသဉ္ဇာသည် သမားကို နည်းနည်းလောက်ပဲဖြစ်ဖြစ် စိတ်ဝင်စား လျှင် သမားလာသည့် ညနေဘက်ကို သူမလည်း မဖြစ်မနေ လာမှာပဲ ဖြစ်သည်။ အခု မလာဘူးဆိုတော့ သမားဆိုသော ကောင်လေးကို ရှိတယ်လို့ လုံးဝ မသတ်မှတ်လို့လား။ ဒါမှမဟုတ် သူမမှာ ချစ်သူများ ရှိနေလို့လား။

''ဘုရား ဘုရား''

ရင်ထဲမှာ ကတုန်ကယင်ကြီး ဖြစ်လာပြီး ဘုရားတလိုက်မိ သည်။

သမားသည် ရင်ထဲမှာ စိုးနှင့် တင်းကျပ်မှုတွေ ပြေစေဖို့အတွက် နေမျိုးအိမ်ဘက် ကားလေးချိုးကွေ့လိုက်သည်။ နေမျိုးအား ရင်ဖွင့်လိုက် လျှင် ဝေဒနာ နည်းနည်းပေါ့သွားမည် ထင်သည်။

နေမျိုးတို့ ရပ်ကွက်သည်လည်း ကိုယ့်ဝန်းကိုယ့်ခြံနှင့် သီးသန့် နေသော တိတ်ဆိတ်ငြိမ်သက်သည့် လူကုံထံ ရပ်ကွက်ဖြစ်ပါသည်။ လမ်း မကျယ်ကြီးကနေ နေမျိုးတို့ လမ်းထဲမဝင်ခင်မှာပင် ရှေ့က လျှောက်နေ သော မိန်းကလေး နှစ်ယောက်ထဲမှ ရွှေသဉ္ဇာနှင့် အတော်တူသည့် တစ်ယောက်ကို သတိထားမိသည်။

သမားက ရွှေသဉ္ဇာကို တစ်ခါပဲ မြင်ဖူးပေမယ့် သေသေချာချာ မှတ်မိနေသည်။ နောက်ပိုင်းက ကြည့်ရတာ တော့ ရွှေသဉ္ဇာမှ ရွှေသဉ္ဇာပါ။

သမား ကားလေးကို အရှိန်နည်းနည်းမြှင့်ကာ နောက်ကြည့် မှန်ထဲက ကြည့်လိုက်သည်။ လှိုက်ခနဲ ပျော်သွားမှုနှင့်အတူ သေချာအောင် ကားကိုရပ်လိုက်ပြီး ခေါင်းလေးငုံ့ကြည့်လိုက်သည်။ ထိုအချိန်မှာ ရွှေသဉ္ဇာ က သမား ကားဘေးကို ရောက်နေပြီ။

သမား ဘာကိုမှ စဉ်းစားမနေတော့ဘဲ ကားတံခါးဖွင့်လိုက်ပြီး

''ရွှေသဉ္ဇာ မဟုတ်လားဟင်''

သူမက အစပိုင်းမှာ မျက်မှောင်လေး ကုပ်ပြီး စဉ်းစားသလို လုပ်နေသေးသည်။

''ရွှေသဉ္ဇာ မမှတ်မိဘူး ထင်တယ်၊ မနေ့က ရွှေသဉ္ဇာအမေ ကိုယ်တိုင် ရိပ်သာမှာ မိတ်ဆက်ပေးခဲ့တာလေ''

''ဪ သိပြီ သိပြီ သမား သမားတော်နော်''

''ဟုတ်ပါတယ်ဗျာ တော်သေးတာပေါ့ မှတ်မိသွားလို့၊ နို့မို့ ဘယ်လို ထပ်ရှင်းပြရမှန်းတောင် မသိဘူး''

''နှုတ်ဆက်ထဲက မှတ်မိပါတယ်၊ နာမည်ကို စဉ်းစားလို့ မရ တာ''

''လူကိုတော့ မှတ်မိတယ်ပေါ့''

''မှတ်မိတာပေါ့၊ မနေ့ကမှ တွေ့ထားတာကို မမှတ်မိရအောင် သဉ္ဇာက အသက်ရှစ်ဆယ်ကျော် အဘွားကြီးမှ မဟုတ်တာ''

''အဲဒီ လို သဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး၊ သဉ္ဇာလို မိန်းကလေးတစ်ယောက်အနေနဲ့ အသိမိတ်ဆွေတွေ အများကြီး ရှိမယ် ထင်ပြီး ကျွန်တော့်ကို မမှတ်မိဘူး ထင်သွားတာပါ''

''သဥ္ဇာ့လို မိန်းကလေးမျိုးဆိုတော့ သဥ္ဇာက ဘာဖြစ်လို့လဲ''

''ဩော် သဥ္ဇာက သိပ်လှတဲ့ ကောင်မလေးဆိုတော့''

''အဟင်း ဟင်း ကိုသမားတော်က မြှောက်တတ်သားပဲ၊ သဥ္ဇာ တစ်ခုခု ကျွေးမှ ဖြစ်တော့မယ် ထင်တယ်''

''သဥ္ဇာ ကျွေးစရာ မလိုပါဘူး၊ ကျွန်တော်ကပဲ တစ်ခုခု ကျွေး ပါရစေ''

''အားနာစရာကြီး''

''အားနာစရာ မလိုပါဘူး၊ ဒါနဲ့ သဥ္ဇာကားရော''

''သဥ္ဇာတို့က ဟိုဘက်လမ်းမှာ နေတာလေ၊ အခု လမ်းလျှောက် ပြီး ပြန်မလို့၊ ကိုသမားတော်ကရော ဘယ်မှာနေတာလဲ''

''ကျွန်တော်က သုဝဏ္ဏမှာ နေတာပါ၊ ဒီလမ်းထဲမှာ သူငယ်ချင်း ရှိတယ်လေ၊ မေမေ့ဆီက အပြန် သူ့ဆီအလာ သဥ္ဇာတို့ကို တွေ့တာ''

''သဥ္ဇာက မနက်က မေမေ့ဆီကို သွားသေးတယ်၊ ဒီညနေ ကိုကိုတို့ သွားတော့ သဥ္ဇာ မသွားဖြစ်တော့တာ၊ ကိုသမားတော် သွားသေး တယ် ဟုတ်လား''

''ဟုတ်ကဲ့ မေမေ့အတွက် လိုအပ်တာလေးတွေ သွားပေးတာ ပါ''

''ကြုံတုန်း အိမ်လိုက်ခဲ့ပါလား ကိုသမားတော်''

''မလိုက်တော့ပါဘူး သဥ္ဇာရယ်၊ သူငယ်ချင်းကလည်း ဒီလမ်း ထဲမှာဆိုတော့ တစ်ရပ်ကွက်ထဲပဲ နောက်ကြုံမှာပါ''

''မကြုံလည်း လာလည်လို့ ရပါတယ်၊ သိနေကြပြီပဲ၊ အမှတ် (...)သဥ္ဇာမြိုင်ခြံဆို လမ်းထဲမှာ ဘယ်သူ့မေးမေး ရတယ်''

''ကျေးဇူးပဲ သဥ္ဇာ''

''ဒါဆို သဥ္ဇာတို့ကို သွားခွင့်ပြုဦးနော်''

''ကောင်းပါပြီ သဉ္ဇာ''

အပြုံးလေးနဲ့ နှုတ်ဆက်ရင်း လျှောက်သွားသော ရွှေသဉ္ဇာရဲ့ နောက်ပိုင်းအလှကို သမားက အကြာကြီး ငေးကြည့်နေမိသည်။

ပျော်လိုက်တာ တွေ့မယ့်တွေ့တော့လည်း တိုက်တိုက်ဆိုင်ဆိုင် အပြင် နေမျိုးတို့နဲ့ ဟိုဘက်လမ်း ဒီဘက်လမ်း နေကြတာဖြစ်သည်။ နေမျိုးတောင် သိရင် သိနေမှာ။ သမားကိုတောင် အိမ်လည်ခေါ်နေပုံ ထောက်တော့ သဉ္ဇာ့မှာ ရည်းစား မရှိတာ သေချာပါသည်။

သူမကိုယ်သူမ သဉ္ဇာကဆိုတော့ သမားကလည်း ဖော်လို လိုက် ပြီး သဉ္ဇာလို့ ခေါ်မိသားဖြစ်သွားသည်။ ဒါကို သဉ္ဇာက နည်းနည်းမှ တောင် သတိထားမိဟန် မပြဘဲ ကျေနပ်နေပုံရသည်။

တို့အရမ်းပျော်တာပဲ သဉ္ဇာရယ်။

သမားက နေမျိုးဆီသွားပြီး ဝမ်းသာအားရ ရင်ဖွင့်လိုက်တော့ နေမျိုးလည်း ဝမ်းသာသွားသည်။ နေမျိုးက သဉ္ဇာမြို့ပြင်ခြံကိုရော သဉ္ဇာကို ရော သိနေသည်။ လူချင်းတော့ မရင်းနှီးဘူးဟု ဆို၏ ။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ ဒီလို ကိုယ့်ဝင်းကိုယ့်ခြံနှင့် သီးသန့်နေသော ရပ်ကွက် မျိုးတွင် ဟိုဘက်ခြံ ဒီဘက်ခြံတောင် မသိကြတာတွေ အများကြီး ရှိ သည်။

နေမျိုးကို နှုတ်ဆက်ပြီး ပြန်တော့ လာသည့်လမ်းအတိုင်း မပြန်ဘဲ တစ်ဖက်က ကွေ့ပြီး သဉ္ဇာတို့လမ်းထဲက ဖြတ်ပြန်လာခဲ့သည်။ မှောင်စပျိုးနေပြီဖြစ်သည့်အတွက် သဉ္ဇာတို့ တစ်ခြံလုံး မီးတွေထိန်ထိန် လင်းနေသည်။

ရင်မောစွာ သက်ပြင်းမောချပြီး သဉ္ဇာ၏ ချောချောလှလှ မျက်နှာလေးနှင့် ချစ်စဖွယ် စကားပြောပုံလေးကိုပဲ မြင်ယောင်နေမိသည်။

သဥ္စာကတော့ လိုလိုလားလား ဖိတ်ခေါ်ထားသည်။ သူမ အိမ်သားတွေက သဘောကောင်းရဲ့လား။ သဥ္စာ့အမေ တစ်ယောက်နှင့် သာ သိထားပြီး ကျန်သူတွေနှင့် မတွေ့သေးပါ။ ဒီညနေက ကိုကိုသွား တယ်လို့ သဥ္စာ ပြောပုံအရဆို အစ်ကိုရှိမှာ သေချာသည်။ သဥ္စာနဲ့ အတူပါသည့် ကောင်မလေးကတော့ ခပ်နွမ်းနွမ်းလေးမို့ အိမ်မှာ ခိုင်း ထားသော ကောင်မလေး ဖြစ်ဖို့များသည်။ ဒါကြောင့်လည်း သဥ္စာက သူနဲ့ မိတ်ဆက်မပေးတာပေ့ါ။

တစ်လမ်းလုံးလည်း သဥ္စာအကြောင်း တွေးနေသလို အိမ် ရောက်တော့လည်း အကျႌတောင် မလဲနိုင်ဘဲ သူမအကြောင်းပဲ တွေးနေ မိသည်။ သဥ္စာသာ သမားအချစ်ကို လက်ခံလျှင် သမားလောက် ပျော် သောသူ လောကကြီးမှာ ရှိမှာ မဟုတ်လောက်။ သူငယ်ချင်း ချစ်သူစုံတွဲ တွေ တစ်ယောက်နဲ့တစ်ယောက် ကြင်နာနေတာမြင်ရင် သမားအားကျ မိသည်။ ငါလည်း သူချစ်ကိုယ်ချစ် ချစ်သူတစ်ယောက် ရှိရင် သိပ်ကောင်း မှာဟု မကြာခဏကို တွေးမိသည်။ အခုတော့ တကယ့်ကို သဘောကျ ရသူယောက် တွေ့သွားပြီ။ သူမဘက်ကတော့ ဘယ်လိုလာမည်မသိ၊ သမား ကတော့ အတော်စိတ်ဝင်စားနေပြီ။

ညတစ်ညလုံးလည်း သဥ္စာ့အကြောင်း တွေးရင်းနှင့်ပင် အိပ် ပျော်ခဲ့သည်။ မနက်အိပ်ရာနိုးတော့လည်း သူမအကြောင်းပဲ ခေါင်းထဲ ရောက်လာပြန်သည်။ ဘာလုပ်လုပ် သူမအကြောင်းပဲ ခေါင်းထဲရောက် ရောက်လာတာမို့ သမား ကိုယ့်ကိုကိုယ်ပင် အံ့ဩရသည်။

နေမျိုးဆီကို လာမယ်လို့ ဖုန်းလှမ်းဆက်တော့ နေမျိုး ဖုန်းထဲ ကနေ ဆဲနေတာကို သမား သဘောတကျ ရယ်လိုက်သည်။ စိတ်တိုနေ သော နေမျိုးက ထွက်တော့ စောင့်နေပါသည်။ ဒါပေမဲ့ ခါးကြီးထောက်ပြီး မျက်နှာကြီးက မှုန်ကုပ်နေ၏ ။ နောက်ပြီး သမားတောင် ကားပေါ်က မဆင်းခင်

''မင်းဟာက အသည်းအသန်ပဲနော်''

''ကိုယ်ချင်းစာကြည့်ပေါ့ကွာ''

''မစာလို့ ပြောတာ မဟုတ်ပါဘူး၊ အခု စောင့်ခိုင်းတာကရော သွားလည်မလို့လား''

''အေးလေ''

''စောစောစီးစီးကွာ မင်းနဲ့သိတဲ့ သူ့အမေကြီးလည်း မရှိဘူး၊ သူ့အမေတရားစခန်းက ပြန်ရောက်မှ သွားပါလား၊ သူ့အိမ်မှာ ဘယ်သူ တွေ ရှိမှန်းလည်း မသိဘူး''

''ဘယ်သူရှိရှိကွာ၊ သူ့အိမ်အခြေအနေ သူ သိလို့ ခေါ်တာပေါ့၊ မင်း မလိုက်ရင် ငါ့ဟာငါ တစ်ယောက်ပဲ သွားမယ်''

''ကဲ ကဲ ရှေ့ကနေ သွားတော်မူ''

''မင်းကား မယူနဲ့တော့၊ ညနေ ပြန်ရင်လည်း ငါ လိုက်ပို့ပေး မယ်''

နေမျိုးက ဘာတစ်ခွန်းမှ မပြောတော့ဘဲ ကားပေါ် တက်လိုက် သည်။ ဆက်ပြောလည်း မရတော့ဘူးဆိုတာ ဒီကောင် သိနေတာကိုး။

သမားက သဉ္ဇာမြိုင် ခြံရှေ့မှာ ကားလေးကို တည့်တည့်မတ်မတ် ရပ်လိုက်သောအခါ နေမျိုး မသက်သာသည့် မျက်လုံးကြီးတွေနဲ့ ကြည့်လာ သည်။

''ဘာကြည့်တာလဲ နေမျိုး''

''ဒီခြံရှေ့မှာ တန်းရပ်လို့ အံ့ဩပြီး ကြည့်နေတာလေ''

''ဒါများ အံ့ဩစရာမလိုပါဘူး၊ ငါ့ကို သဉ္ဇာ လိပ်စာပေးထားပြီး သားလေ၊ မင်းကိုလည်း ညက ပြောထားတယ် မဟုတ်လား''

''ဟုတ်ပါတယ် ဒါပေမဲ့ ဘယ်လောက်ပဲ လိပ်စာပေးထားထား နည်းနည်းပါးပါးတော့ ရှာရဦးမှာပေါ့၊ အခုဟာက လုံးဝ မရှာဘဲ တန်းဝင်

လိုက်တော့ သိထားပြီးသားကြီးလိုပဲ''

''ဟုတ်တယ် မနေ့ညနေက ငါပြန်တော့ ဒီလမ်းက လှည့်ပြန် ပြီး ကြည့်ထားတာ''

''ဩော် ဒါကြောင့်ကိုး၊ ထင်တော့ ထင်သားပဲ''

သမားက ခြံအုတ်တိုင်ရှိ ဘဲလ်လေးအား နှိပ်လိုက်သောအခါ အသက်လေးဆယ်အရွယ် လူတစ်ယောက် ခြံတံခါး လာဖွင့်သည်။

''ဘယ်သူနဲ့ တွေ့ချင်လို့လဲ ခင်ဗျာ''

''ကျွန်တော် ရွှေသဇ္ဇာနဲ့ တွေ့ချင်လို့ပါ''

''ကား မောင်းဝင်လာလိုက်လေ''

''ဟုတ်ကဲ့''

သမား ကားပေါ်ပြန်တက်ပြီး ခြံဝင်းထဲ ကားမောင်းဝင်လာခဲ့ သည်။

သမားနဲ့နေမျိုး ကားပေါ်က ဆင်းပြီး ဧည့်ခန်းထဲ အဝင်မှာ သဇ္ဇာ အပြုံးလေးနဲ့ လှမ်းလာပြီး

''သဇ္ဇာက ဧည့်သည်ဆိုတော့ ကိုသမားတော်တို့လို့ မထင်ဘူး၊ ထိုင်ကြပါ''

''သူငယ်ချင်းကို လာခေါ်ရင်း ကြုံနေတာနဲ့ ဝင်လာလိုက်တာ''

''မနေ့က ပြောတဲ့ ဟိုဘက်လမ်းက သူငယ်ချင်းဆိုတာလား''

''ဟုတ်တယ် သဇ္ဇာ၊ နေမျိုးတဲ့၊ ကျွန်တော်နဲ့ အတူတူ ကျောင်း ပြီးထဲက ကန်ထရိုက်လုပ်ငန်းတွေ လုပ်နေတာ''

''ကိုနေမျိုးကလည်း B.E နဲ့ပဲ ကျောင်းပြီးတာပေါ့''

''ဟုတ်ကဲ့''

''နေမျိုး ရွှေသဥ္ဇာလေ၊ မေမေနဲ့ သဥ္ဇာ့အမေက တရားစခန်း ဝင်ရင်း ခင်ရာက ငါနဲ့သဥ္ဇာလည်း ခင်သွားတာ''

''ဝမ်းသာပါတယ် မရွှေသဥ္ဇာ၊ တစ်ရပ်ကွက်ထဲ နေပြီး မသိကြ ဘူးနော်''

''ဟုတ်ကဲ့ နောက်ကို ကိုသမားတော် မပါလည်း လာလည်ပါ''

''ဟုတ်ကဲ့''

''ဒါနဲ့ ဘာစားပြီးပြီလဲ''

''ကော်ဖီသောက်လာတယ် သဥ္ဇာ''

''ကျွန်တော်လည်း ထမင်းကြော် စားလာတယ်''

''မုန့်ဟင်းခါး စားကြပါဦးလား''

''မစားတော့ပါဘူးဗျာ''

နေမျိုး ငြင်းလိုက်သလို သမားတော်ကလည်း ခေါင်းခါပြလိုက် သည်။

''ဝယ်စားတာ မဟုတ်ဘူး၊ အိမ်မှာ ချက်စားတာ၊ သဥ္ဇာတောင် အခုမှ စားမလို့ ပြင်နေတုန်း ကိုသမားတော်တို့ ရောက်လာတာ''

''စားလေ သဥ္ဇာ''

''ဒါဆို ခဏစောင့်ဦးနော်''

သမား ခေါင်းညိတ်ပြီးတာနဲ့ သဥ္ဇာက ပြုံးပြုံးလေးနဲ့ အိမ်ထဲဝင် သွားသည်။

''တော်တော်တော့ လှတယ်နော်၊ ဒါကြောင့် မင်းစွဲသွားတာကိုး''

နေမျိုး စကားကြောင့် သမားက ခပ်မြောက်မြောက်လေး ဖြစ်

သွားရသည်။

''မနေ့ကမှ ရင်းနှီးပြီး ဒီနေ့စောစောစီးစီး အိမ်လည်ရောက်လာ တော့ မင်းကို ဖွန်တော်တော်ကြောင်တဲ့ကောင်လို့ ထင်မှာပဲ''

နေမျိုး စပ်ဖြဲဖြဲနဲ့ မခံချင်အောင် စနေသောအခါ သမားက တစ်ခုခုလုပ်ဖို့ ရည်ရွယ်ပြီးမှ ကော်ဖီလင်ပန်းလေးနဲ့ ဝင်လာသည့် ကောင် မလေးတစ်ယောက်ကြောင့် ကြ္ဘန့်ဆည်လိုက်ရသည်။

''မမသဉ္ဇာ ကော်ဖီလေးတော့ သောက်လိုက်ပါတဲ့''

''ဩော် ရပါတယ်ဗျာ၊ အားနာစရာကြီး''

ကောင်မလေးက ကော်ဖီဗန်းလေးချပြီး ရို့ရို့လေး ရပ်နေ၏ ။ ထိုကောင်မလေးသည် သဉ္ဇာနဲ့အတူ မနေ့ညနေက တွေ့ခဲ့သည့် အိမ်ဖော် ကောင်မလေးဆိုတာ သမားက ချက်ချင်း မှတ်မိသွားသည်။

''သောက်လိုက်ပါဦးရှင်၊ မုန့်လည်းစားပါ''

''ဟုတ်ကဲ့''

ဒီလောက် ပြောနေတော့လည်း သောက်လိုက်ဆိုသော ပုံစံမျိုး သမားက လုပ်ပြလိုက်သည်။ သမားနဲ့နေမျိုး ကော်ဖီခွက်ကိုယ်စီ ကောက် ကိုင်ပြီး သောက်ရင်း အခုထိ ရပ်ကြည့်နေသော ကောင်မလေးအား ပြုံးပြလိုက်သည်။ သေသေချာချာ သတိထားကြည့်မှ မျက်လုံးဝိုင်းဝိုင်း ပါးဖောင်းဖောင်းနဲ့ အိမ်ဖော်ကောင်မလေးသည် မိန်းမချောလေး တစ် ယောက်ဖြစ်နေသည်။

ဟော သဉ္ဇာ ထွက်လာပြီ။

အိမ်မှာနေရင်း ဝတ်ထားသော အကျႌလေးနဲ့တောင် သဉ္ဇာအလှ က ပေါ်လွင်လွန်းပြီး သမား မျက်လုံးမခွာနိုင် ဖြစ်နေမိသည်။

''မုန့်လည်း စားလေ''

''စားတယ် သဉ္ဇာ''

သမားက ပြောပြောဆိုဆို မုန့်တစ်ခု ကောက်ကိုင်လိုက်သည်။

''ဟဲ့ နန်းမုံ ဘာလုပ်နေတာလဲ၊ ဒေါ်ကြီးမြင့်နဲ့ သွားကူလုပ်လေ သြော် ခဏနေဦး''

နန်းမုံလို့ သဉ္ဇာ ခေါ်လိုက်သော ကောင်မလေးက နောက်ဘက် ဝင်တော့မည့် ခြေလှမ်းကို ပြင်ပြီး ချက်ချင်းပင် အနားရောက်လာသည်။

''ဘာလုပ်ပေးရမလဲ မမသဉ္ဇာ''

''ရေနွေးငုံ့ပေးစမ်း၊ သေသေချာချာ ကိုင်နော်''

''ဟုတ်ကဲ့''

''ဂွမ်း''

''အား''

''ကန်တော့ ကန်တော့ အစ်ကို''

''ဖြစ်ပြီ ဖြစ်ပြီ မိနန်းမုံတို့ကတော့ ဖြစ်ပြီ၊ ကိုသမားတော် တော်တော် ပူသွားလားဟင်''

''ရတယ် သဉ္ဇာ ရတယ်''

သမားက ရေနွေးတွေ စိုသွားသော ပုဆိုးအနားစကို ခါချရင်း ရေနွေးပူလောင်သွားသည့် ခြေသလုံးကိုလည်း လက်တစ်ဖက်က ပွတ်နေ မိသည်။

''အားနာလိုက်တာ ကိုသမားတော်ရယ်၊ အဲဒီ ကောင်မလေး လုပ်လိုက်ရင် ဒီတိုင်းချည်းပဲ၊ ဆေးတစ်ခုခု လိမ်းရင် ကောင်းမယ်နော်''

''ရပါတယ် သဉ္ဇာ''

''ရပါတယ် မလုပ်နဲ့ဟေ့ကောင် ရွှေသဉ္ဇာက အားနာရမယ့်သူမှ မဟုတ်တာ၊ သွားတိုက်ဆေး နည်းနည်းလောက် ပေးပါ ရွှေသဉ္ဇာ၊ အပူလောင်တာဆိုတော့ သွားတိုက်ဆေး ပွတ်ထားရင် သက်သာတယ်''

''ဟဲ့ နန်းမုံ သွားတိုက်ဆေး သွားယူလေ''

''ဟုတ်ကဲ့ မမသဉ္ဇာ''

''အူကြောင်ကြောင်နဲ့ ဒီလောက်ပြောနေတာတောင် အလိုက် ကန်းဆိုး မသိဘူး၊ နင်တော့ တွေ့မယ်''

''ကိစ္စမရှိပါဘူး သဉ္ဇာရယ်၊ သက်သာသွားမှာပါ၊ ဆူမနေပါနဲ့ တော့''

''ဘယ်ဟုတ်မလည်း ကိုသမားတော်ရယ်၊ ရေနွေးက ဒီလောက် ပူပူလောင်လောင်ကြီးကို အရမ်းပူမှာပေ့ါ၊ အဲဒီ ကောင်မလေးကိုက ဘာ လုပ်လုပ် ဒီအတိုင်းပဲ၊ အလွဲလွဲ အချော်ချော်နဲ့၊ ညှော်သည်လာတိုင်း အရှက်ကွဲတယ်၊ သူ့ကို ခိုင်းတဲ့ သဉ္ဇာကိုက မှားတာပါ''

သဉ္ဇာ ပြောနေရင်းကပင် နန်းမုံဆိုသည့် ကောင်မလေးက သွားတိုက်ဆေးဘူးလေး ကိုင်ပြီး ပျာရိပျာယာနဲ့ ရောက်လာသည်။

''ဟဲ့ လိမ်းပေးလိုက်လေ အံမယ်၊ သွားထိုးထည့်နေသေးတယ်''

''ပေး ညီမလေး ရပါတယ် သဉ္ဇာ၊ ကိုယ့်ဟာကိုယ်ပဲ လိမ်းလိုက် ပါမယ်''

''မဟုတ်တာ ကိုသမားတော်ရယ်၊ နန်းမုံ ရေနွေးပူလောင်တဲ့ နေရာကို သွားတိုက်ဆေး လိမ်းပေးလိုက်၊ ဖြည်းဖြည်းလိမ်းနော်''

''ဟုတ်ကဲ့''

''ပေးလိုက် ကိုသမားတော်''

သမားက ယောင်ယောင်ကန်းကန်းနှင့်ပင် ကောင်မလေး လက်ထဲသို့

သွားတိုက်ဆေး ပြန်ပေးလိုက်သည်။ နေမျိုးကတော့ ဘာတစ် ခွန်းမှ မပြောဘဲ ဘေးကနေသာ ငြိမ်ငြိမ်လေး ကြည့်နေ၏ ။

ဘူးထဲက သွားတိုက်ဆေးကို ညှစ်ပြီး အပူလောင်တဲ့ ခြေသလုံး တလျှောက် လက်ချောင်း သွယ်သွယ်လေးတွေနဲ့ ပွတ်လိမ်းနေတာကို သမား ငေးကြည့်နေမိသည်။ နန်းမုံ ဆိုသော ကောင်မလေးသည် ရုပ် ချောပြီး ကိုယ်လုံးကိုယ်ထည် အချိုးအဆစ်ကျတာ ထားပါ။ လက်ချောင်း ခြေချောင်းလေးတွေသည်လည်း သွယ်သွယ်ဖောင်းဖောင်းလေးတွေနဲ့ နုဖတ်နေသည်။ အိမ်ဖော်တစ်ယောက်ဆိုတာ လုံးဝ မယုံနိုင်စရာပင် ဖြစ်သည်။

သွားတိုက်ဆေးရဲ့ အေးမြမြ အရသာအပြင် သူမ သေသေချာ ချာ ပွတ်လိမ်းပေးနေလို့လားမသိ ချက်ချင်းပင် အပူလောင်သည့် ဒဏ်ရာ က သက်သာသွားသည်။

''ဟဲ့ ဖြည်းဖြည်းပွတ်နော်''

''ဟုတ်ကဲ့ မမသဉ္ဇာ''

''ပြောလိုက်ရင်တော့ ဟုတ်ကဲ့ခြင်းကို ထပ်ပြီး လုပ်လိုက်ရင် တလွဲပဲ၊ မေမေ ရှိရင် ညည်းကောင်းကောင်းကြီးကို အပြောခံရမှာ၊ ကိုသမားတော်က မေမေ့ဧည့်သည် သိလား၊ ဧည့်သည်တွေရှေ့မှာမို့ ငါ စိတ်ကို တော်တော်ထိန်းနေရတယ်''

''ကိစ္စမရှိပါဘူး သဉ္ဇာရယ်၊ မတော်တဆ ဖြစ်တာပဲ၊ ကျွန်တော် လည်း တော်တော် သက်သာသွားပါပြီ မဆူပါနဲ့တော့''

''မဟုတ်ဘူး ကိုသမားတော်ရဲ့ သူက တစ်နေ့မှ အဆင်ပြေပြေ ကုန်ဆုံးသွားတဲ့နေ့ဆိုတာ မရှိဘူး၊ အမြဲတမ်းကို ဘာလုပ်လုပ် အလွဲလွဲ အချော်ချော်၊ ဘာမှမခိုင်းရဲသလောက်ပါပဲ၊ သူ့အတွက် သဉ္ဇာနဲ့မေမေ ဆိုတာ နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲနေရတယ်''

သမားက သဏ္ဍာ ပြောနေသမျှကို နန်းမုံဆိုသော ကောင်မလေး အား မျက်နှာပူ အားနာနေမိသည်။

''တော်ပြီ တော်ပြီ ညီမလေး၊ ရပြီ တော်တော်သက်သာသွား ပါပြီ''

''ဟုတ်ရဲ့လား ကိုသမားတော်ရယ်''

''တကယ်ပြောတာပါ သဏ္ဍာ''

''ဟဲ့ ဘာလုပ်နေတာလဲ၊ သွားတော့လေ၊ ရေတွေသုတ်ဖို့ အဝတ် တစ်ခုခု ယူခဲ့ဦး၊ နေဦး မယူနဲ့တော့ မယူနဲ့တော့ ဧည့်သည်တွေ ပြန်မှပဲ သုတ်တော့၊ တော်ကြာ တလွဲတချော် ထပ်ဖြစ်လို့ ဧည့်သည်တွေကို အားနာစရာ ထပ်ဖြစ်နေဦးမယ်၊ ငါ ပြောတာ ကြားလား မိနန်းမုံ''

''ဟုတ်ကဲ့ ကြားပါတယ် မမသဏ္ဍာ''

''ကြားရင် သွားတော့''

နန်းမုံ ဆိုသော ကောင်မလေးက ခပ်ရှိုရှိုလေး အိမ်ထဲဝင် သွား၏ ။

''ကျွန်တော်တို့လည်း သွားမယ် သဏ္ဍာ''

''ဟင် သွားတော့မလို့လား ကိုသမားတော်ရဲ့၊ မုန့်တွေလည်း မစားဘူး''

''ဗိုက်ပြည့်နေလို့ပါ သဏ္ဍာ''

နေမျိုးကလည်း သမား ပြောတာ ဟုတ်သည်ဆိုသည့် အပြုံးနှင့် ခေါင်းညိတ်ပြနေ၏ ။

''နန်းမုံကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားပြီထင်တယ်''

''မဟုတ်ပါဘူး သဏ္ဍာ၊ အလုပ်နောက်ကျမှာစိုးလို့ပါ''

''ဟုတ်ပါတယ် ရွှေသဏ္ဍာ စိတ်ချ ကျွန်တော်တို့ နောက်ကို မကြာ မကြာ လာလည်မှာပါ၊ လာလည်လွန်းအားကြီးလို့သာ မုန်းမနေနဲ့''

''ကိုသမားတော်တို့ ကိုနေမျိုးတို့လို လူမျိုးကို မုန်းစရာလား''

''ပြီးရော ပြီးရော ကဲ ကျွန်တော်တို့ကို ခွင့်ပြုဦး''

''ဟုတ်ကဲ့ပါရှင် ဟုတ်ကဲ့ပါ''

သဉ္ဇာက ကားနားအထိ အပြုံးလေးနဲ့ လိုက်ပို့ပေးသည်။

''ဟော ဖေဖေတောင် လမ်းလျှောက်ပြီး ပြန်လာပြီ''

သမားတို့ ကားထဲဝင်ခါနီး မှာပဲ သဉ္ဇာ ပြောလိုက်တာကြောင့် သမားနဲ့နေမျိုး ပြိုင်တူ ကြည့်လိုက်မိသည်။ သဉ္ဇာနှင့် ရုပ်ချင်းနည်းနည်း ဆင်ပြီး အသက် (၅၀)ကျော် အရွယ်လောက်ရှိမည့် သဉ္ဇာ့အဖေဆိုသူက သမားတို့နားကို ရောက်လာနေ၏။

''ဖေဖေ ပြန်လာပြီလား''

''ပြန်လာပြီ သမီး၊ ဧည့်သည်တွေလား''

''ဟုတ်ကဲ့ ဖေဖေ၊ သမားတော်တဲ့ ကိုနေမျိုးတဲ့၊ ကိုနေမျိုးက ဟိုဘက်လမ်းမှာနေတာ၊ ကိုသမားတော်က သုဝဏ္ဏမှာ နေတာ၊ ကိုသမား တော်အမေနဲ့ မေမေက တရားစခန်းအတူဝင်ရင်း ခင်သွားရာက သမီးနဲ့ ကိုသမားတော်ပါ မိတ်ဆွေဖြစ်သွားကြတာလေ၊ ဒါ သဉ္ဇာ့အဖေလေ''

''တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်၊ သဉ္ဇာ့အဖေလို့ မပြော ရဘူး၊ အရမ်းနုတယ်နော်''

''ဟုတ်တယ် ဟုတ်တယ် အဖေတူလို့ ရွှေသဉ္ဇာက ချောတာ ကိုး''

နေမျိုး ဝင်ထောက်ခံတော့ ရွှေသဉ္ဇာ့မျက်နှာလေး ပြုံးသွား၏။

''ဟား ဟား အန်ကယ့်တူတွေ မြှောက်ပြောတာဆိုလည်း အန်ကယ် ကတော့ အရမ်းကျေနပ်တယ်ကွာ''

''အမြင်အတိုင်း ပြောတာပါ အန်ကယ်ရဲ့''

''အေးပါကွ ကျေးဇူးတင်ပါတယ် နောက်ကိုလည်း လာလည် ကြနော်''

''စိတ်ချ အန်ကယ်''

''အခု ပြန်ကြတော့မလို့လား သမီးက ဘာမှမကျွေးဘူးလား''

''ကော်ဖီတိုက်တယ်၊ မုန့်ကျွေးတယ်လေ ဖေဖေရဲ့''

''မုန့်ဟင်းခါးချက်တယ် မဟုတ်လား၊ မုန့်ဟင်းခါး မကျွေးဘူး လား''

''မစားတော့ဘူးတဲ့ ဖေဖေရဲ့''

''ဟာ မုန့်ဟင်းခါး စားသွားဦးလေ''

''မစားတော့ပါဘူး အန်ကယ်ရယ်၊ နောက်ကြုံမှာပါ''

''ဟုတ်ပြီ မကြာ မကြာ လာလည်ကြနော်''

''ဟုတ်ကဲ့ပါ အန်ကယ်''

''ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး ခင်ဗျာ''

''ကောင်းပါပြီကွယ်''

''သွားမယ်နော် သဇ္ဇာ''

''ဟုတ်ကဲ့''

''ခွင့်ပြုပါဦး ရွှေသဇ္ဇာ''

''ဟုတ်ကဲ့ပါ ကိုနေမျိုး''

ကြိုဖွင့်ထားသော ခြံတံခါးကနေ သမားတို့ကားလေး ထွက်လာ ခဲ့သည်။

''ငါ့သူငယ်ချင်းကတော့ ကံကောင်းတယ်ကွာ၊ ယောက္ခထီးကပါ လိုလိုလားလား ဖိတ်ခေါ်နေပြီ''

''အဟဲ ဟဲ''

သမားက ခပ်ကြွားကြွားလေး ရယ်လိုက်သည်။

''ဒါနဲ့ မင်းအပူလောင်တဲ့ဒဏ်ရာက ဘယ့်နှယ်နေလဲ''

''နည်းနည်းတော့ စပ်ဖျဉ်းဖျဉ်းကြီး ဖြစ်နေသေးတယ်၊ တော် တော်တော့ အီသွားတယ်ကွ၊ ဒါပေမဲ့ သဉ္ဇာ ကောင်မလေးကို ဆူတော့ ပူတာတောင် ဘယ်ပျောက်သွားမှန်း မသိဘူး''

''ဟုတ်ပ့ါကွာ မင်းသဉ္ဇာကလည်း ငါတို့ရှေ့မှာ ကောင်မလေးကို ပြောလိုက်တာများ ရစရာတောင် မရှိဘူး၊ တော်တော် ရှက်သွားမယ်၊ ငါဖြင့် ကောင်မလေးကို အားနာလိုက်တာ မပြောပါနဲ့တော့''

''ငါရောပဲ သူ့ခမျာ သဉ္ဇာကို တော်တော်ကြောက်ပုံရတယ်၊ လက်ကလေးတွေကို တုန်နေတာပဲ''

''ကောင်မလေးက အနီးကပ်ကြည့်မှ တော်တော်ချစ်စရာ ကောင်းတာပဲ''

''ဟုတ်တယ် အိမ်ဖော်ဆိုတာ ယုံစရာတောင် မရှိဘူး''

''ဘယ်လို မိဘမျိုးကများ ကိုယ့်သားသမီး ချောချောလှလှ လေးကို သူများအိမ်မှာ အိမ်ဖော်လုပ်ခိုင်းရတာ လဲ မသိဘူးနော်၊ မင်းသဉ္ဇာ ကလည်း မောက်မာလွန်းပါတယ်၊ ကောင်မလေး သနားပါတယ်''

နေမျိုး ပြောတာ ဟုတ်နေသည့်အတွက် သမား ငြိမ်နေလိုက် သည်။

''နောက်ဆို မင်းဘာသာ တစ်ယောက်တည်း သွားတော့၊ သဉ္ဇာ အဖေကြီးကလည်း လိုလိုလားလား ဖိတ်ခေါ်နေပြီပဲ''

''ငါနဲ့ သဉ္ဇာ အဆင်မပြေသေးခင်တော့ လိုက်ခဲ့ပါကွာ''

''ဒီပုံစံကြည့်ရတာ ရာနှုန်းပြည့် အဆင်ပြေမှာပါ''

''မင်းပြောတဲ့အတိုင်း ဖြစ်ပါစေ သူငယ်ချင်းရယ်''

''ဟင်း ရုပ်ကိုက မှိုရတဲ့ရုပ်နဲ့''

သမားက နေမျိုးရဲ့ အမျိုးမျိုး ထောပနာပြုမှုကို ကျေကျေနပ် နပ်ကြီး ခံယူနေလိုက်သည်။

''အခုမှ သတိရတယ်၊ သဥ္ဇာ့ဖုန်းနံပါတ် မတောင်းခဲ့မိဘူး''

သမား အလန့်တကြား ပြောလိုက်ပုံကြောင့် နေမျိုးက ကြည့် မရသလို ခပ်တည်တည် တစ်ချက်သာ စွေကြည့်ပြီး မသိဟန်ဆောင် နေသည်။ သေသေချာချာ သတိထားပါလျက် မေ့တတ်သည့် ကိုယ့်ကို ကိုယ်လည်း စိတ်တိုသွား၏ ။

*

အခန်း (၄)

''ဟဲ့ မုံလေး၊ ဖုန်းလာနေတယ်၊ အိမ်ရှေ့မှာ ဘယ်သူမှ မရှိဘူး ထင်တယ် သွားကိုင်စမ်း''

''ဟုတ်ကဲ့ ဒေါ်ကြီးမြင့်''

လှီးနေသော ဂေါ်ရခါးသီးတွေကို ကမန်းကတန်း ချပြီး ကျွန်မ အပြေးတစ်ပိုင်း ထွက်လာခဲ့သည်။

''ဟဲလို''

''သဉ္ဇာလား မသိဘူး''

''မဟုတ်ပါဘူးရှင်၊ မမသဉ္ဇာ ညီမပါ၊ အခုပြောနေတာ ဘယ်သူ ပါလဲရှင်''

''ကျွန်တော် သဉ္ဇာ့မိတ်ဆွေပါ၊ သဉ္ဇာရှိလား မသိဘူး''

''မမသဉ္ဇာ အပြင်သွားပါတယ်၊ ဘာပြောလိုက်ရမလဲ၊ ဘယ်သူ ဆက်တယ်လို့ ပြောလိုက်ရမလဲ''

''သမားတော်ဆို သူ သိပါတယ်''

''သြော် ဟိုနေ့က လာတဲ့ အစ်ကိုလား၊ အစ်ကို ညီမပါ၊ မမ သဉ္ဇာ ညီမပါ''

''သဉ္ဇာညီမ ဟုတ်လား၊ ဘယ်သူလဲ မသိဘူး''

ဝမ်းသာသွားသော စိတ်လေးတောင် ဘယ်ပျောက်သွားမှန်း မသိအောင် အစ်ကို မေးလိုက်ပုံကြောင့် ရင်ထဲမှာ မောသွားရသည်။ ဟုတ်ပါသည်။ ဒီအသံသည် တကယ်ကို ကျွန်မ စွဲလန်းရသော ကိုသမား တော်ဆိုသည့် အစ်ကို့၏ အသံ ဖြစ်သည်။ သူကရော ကျွန်မအသံကို တကယ်ပင် မမှတ်မိသည်လား။ သို့မဟုတ် သူ့ကိုရေနွေးပူနှင့် လောင်းချ သည့် ကျွန်မအား မသိသလိုလုပ်နေသည်လား။

ဘာပဲဖြစ်ဖြစ် ဒေါ်ကြီးမြင့် သွန်သင်ဆုံးမထားသည့်အပြင် ကျွန်မကိုယ်တိုင်ကလည်း တည်တည်ခန့် ခန့်နှင့် အလွန်ချောသော သမားတော်ဆိုသည့် သူ့ကို စိတ်ဝင်စားနေပြီ ဖြစ်သောကြောင့် ရလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ မီးစင် ကြည့်ကဖို့ ဆုံးဖြတ်လိုက်သည်။

''တကယ် မမှတ်မိတာလား၊ ညီမကို စိတ်နာသွားလို့လား အစ်ကို''

''တစ်ဖက်က ညီမ ပြောနေတာတွေကို တို့တွေ လုံးဝ နားမ လည်ဘူး သဋ္ဌာမှာ ညီမရှိတယ် ဟုတ်လား''

''အစ်ကိုကလည်း မေ့တတ်လိုက်တာ၊ ဟိုနေ့က အစ်ကိုလာ တော့ ညီမကြောင့်ပဲ အစ်ကို ရေနွေးပူလောင်သွားတယ်လေ၊ ညီမကိုယ် တိုင် ဆေးလိမ်းပေးလိုက်တာ မေ့သွားပြီလား''

''ဟာ ဟုတ်ပြီ ဟုတ်ပြီ ဘာလဲ နန်းမုံမဟုတ်လား''

''ဟုတ်ပါတယ် အစ်ကိုက မှတ်မိသားပဲနော်၊ ညီမနာမည်အရင်း က မြနန်းမုံပါ၊ အားလုံးကတော့ နန်းမုံပဲ ခေါ်ကြတယ်၊ အစ်ကို မှတ်မိ သွားပြီနော်''

''အဲဒီ လို ပြောလိုက်တော့လည်း မှတ်မိသွားတာပေါ့''

''ဝမ်းသာလိုက်တာ အစ်ကိုရယ်''

''ဘာကို ဝမ်းသာတာလဲ ဟင်'

''အစ်ကို မှတ်မိတယ်ဆိုလို့ပါ''

''သြော် အဟင်း ဟင်း ဒါနဲ့ ညီမလေး သဋ္ဌာက ဘယ်သွား တာလဲ''

''သူ့သူငယ်ချင်းတွေနဲ့ သွားတာပဲ အစ်ကိုရဲ့၊ ဘယ်သွားတာ လဲ ညီမလည်း မသိဘူး''

''ဘယ်အချိန်လောက် ပြန်ရောက်မလဲဟင်''

''အဲဒါလည်း မသိဘူး''

''ဟုတ်ပြီ ဟုတ်ပြီ ဒါဆို ဒါပဲနော် ညီမ''

''ဟို အစ်ကို မလာတော့ဘူးလားဟင်''

''လာမှာပေါ့ ဘာလဲ ဒီတစ်ခါရော ရေနွေးပူနဲ့ လောင်းချဦး မလို့လား''

''အစ်ကိုရယ် ညီမ တောင်းပန်ပါတယ်၊ တမင်တကာ လုပ်တာ မဟုတ်ပါဘူး''

''ဟာ အစ်ကိုက အလကားစတာနော် နန်းမုံ၊ စိတ်မကောင်း ဖြစ်မသွားနဲ့ဦး၊ မတော်တဆ ဖြစ်တာပဲဟာ''

''အခု ဘယ်လိုနေသေးလဲဟင်''

''အဲဒီ နေ့ နန်းမုံ သွားတိုက်ဆေး လိမ်းလိုက်ကတည်းက ကောင်းသွားပြီ''

''တကယ်''

''တကယ်ပေါ့''

ကျွန်မ ရင်ထဲမှာ ကြည်ကြည်နူးနူးလေး ခံစားသွားရသည်။ အစ်ကိုနဲ့ စကားပြောရတာ ပျော်စရာ ကောင်းလိုက်တာ။ အမြဲ ပြောနေ ရရင် သိပ်ကောင်းမှာပဲ။ တစ်ဖက်သား စိတ်ချမ်းသာအောင်လည်း သိပ် ပြောတတ်တဲ့အစ်ကို၊ အစ်ကိုက ရုပ်ချောရုံတင်မဟုတ်ဘူး သဘော လည်း ကောင်းတာပဲ။

အစ်ကိုရယ် အစ်ကိုက ချစ်စရာကောင်းလိုက်တာ။

''ဟေ့ ပြောနေတာ ကြားရဲ့လား၊ ဘာတွေ စဉ်းစားနေတာလဲ''

''ဟို ဟို ဘာပြောတာလဲ အစ်ကို၊ မကြားလိုက်ဘူး''

''ဖုန်းချလိုက်တော့မယ်လို့ ပြောတာ''

''ဟုတ်ကဲ့ ခဏ အစ်ကို၊ မမသဉ္ဇာလာရင် အစ်ကို့ကို ဖုန်းပြန်ဆက်ရမလား''

''အင်း အစ်ကိုဆက်တယ်လို့ ပြောလိုက်ပါ''

''အစ်ကို့ဖုန်းနံပါတ် ပေးထားလေ''

''သူ သိပါတယ်၊ ဒါပဲနော်''

''ဟုတ်ကဲ့''

တစ်ဖက်က ဖုန်းချလို့ တော်တော်ကြီး ကြာသည်အထိ ကျွန်မ ဖုန်းမချသေးဘဲ ဖုန်းခွက်ကြီးကိုင်ပြီး ငိုင်နေမိသည်။ အစ်ကို့ဖုန်းနံပါတ် သိချင်၍ မမသဉ္ဇာကို အကြောင်းပြကာမှ မမသဉ္ဇာက အစ်ကို့ဖုန်းနံပါတ် သိပြီးပြီဆိုပါလား။

''ဟဲ့ မုံလေး ဖုန်းခွက်ကြီးကိုင်ပြီး ဘာတွေစဉ်းစားနေတာလဲ''

''ဩော် မစဉ်းစားပါဘူး ဒေါ်ကြီးမြင့်''

ဖုန်းခွက်ကိုပစ်ချပြီး ဒေါ်ကြီးမြင့်ကို မလုံမလဲ လှမ်းကြည့်လိုက် မိသည်။

''ဖုန်းဆက်တာကြာလို့ ထွက်ကြည့်တာ ဘယ်သူလဲ'' ကျွန်မနဲ့ ဒေါ်ကြီးမြင့် မီးဖိုဘက် ပြန်လျှောက်လာစဉ် ဒေါ်ကြီး မြင့်က မေးလိုက်ခြင်းဖြစ်သည်။

''ဘယ်သူလို့ ထင်လဲ ဒေါ်ကြီးမြင့်''

''ဘယ်သိမလဲ အေ့''

''ရမ်းသမ်းပြီး ပြောကြည့်စမ်းပါ''

''မပြောတတ်ပါဘူးဆိုမှ အေ၊ ကဲပါ ငါ့ကို မေးခွန်းတွေ ပြန် ထုတ်မနေနဲ့ ပြောစမ်းပါ ဘယ်သူလဲ''

ကျွန်မက ဒေါ်ကြီးမြင့် အသည်းယားအောင် မပြောသေးဘဲ လှီးလက်စ ဂေါ်ရခါးသီးကို ဆက်လှီးနေသောအခါ ဒေါ်ကြီးမြင့် မျက် စောင်းကြီး ထိုးကြည့်ပြီး

''နေစမ်းပါဦး၊ ရုပ်က ပြုံးစိစိ ပြီတီတီနဲ့ ဘယ်သူ ဖုန်းဆက်တာ မို့လို့လဲ၊ ညည်းမှာ ရည်းစားလည်း မရှိဘူးဆိုတော့ ရည်းစားဆီကတော့ မဖြစ်နိုင်ပါဘူး''

''ဒေါ်ကြီးမြင့် သမီးကို အထင်သေးတာနော် ဟင်း၊ မကြာခင် သမီး ရည်းစားကို တွေ့ရစေမယ်''

''တကယ်ပြောတာလား မုံလေး''

ကျွန်မကို အထင်တွေကြီးကာ ဒေါ်ကြီးမြင့်က အနားလာထိုင် ပြီး တတွတ်တွတ် မေးနေ၏ ။

''ပြောစမ်းပါ မုံလေးရယ်၊ ဒေါ်ကြီး သိချင်လာပြီ''

''အစ်ကို ဆက်တာ ဒေါ်ကြီးရဲ့၊ ကိုသမားတော်လေ''

''ဘယ်က ကိုသမားတော်လဲ''

မျက်မှောင်ကြီးကုပ်ပြီး ဒေါ်ကြီးမြင့် မေးတော့ ကျွန်မ သဘော တကျ ရယ်လိုက်ပြီး

''အဟိ ဒေါ်ကြီးမြင့်ကလည်း အရမ်းမေ့တတ်တာကိုး၊ ဟိုတစ် နေ့က မမသဉ္ဇာဆီ လာလည်တဲ့လူလေ၊ သမီးကြောင့် ရေနွေးပူ လောင် သွားတဲ့လူကိုပြောတာ''

''အဲဒီ လူ ဖြစ်တာနဲ့ ညည်းက ဘာတွေသဘောကျနေတာလဲ၊ သူက သဉ္ဇာ့ညှော့်သည်မဟုတ်လား၊ တည့်တည့်ပြောရရင် သဉ္ဇာ့ကို လာပိုး တဲ့သူ''

''ဒေါ်ကြီးမြင့်ပဲ ပြောပြီး ကိုကိုထိုက်နဲ့ မမသဉ္ဇာရဲ့ ယောကျ်ား လေး သူငယ်ချင်းတွေလာရင် မယောင်မလည် ကိုယ်ယောင်ထွက်ပြဆို၊ အခုဆို သမီးထွက်ပြစရာ မလိုဘူး၊ မမသဉ္ဇာက ကော်ဖီသွားချခိုင်း၊ ရေနွေးငှဲ့ခိုင်းနဲ့''

''အဲဒါနဲ့ပဲ ညှော့်သည်ကောင်လေးခမျာ မပျာယာ မရှပ်တေး ကြောင့် ရေနွေးပူ လောင်သွားရော မဟုတ်လား''

''ဟုတ်ပ့ါ ဒေါ်ကြီးမြင့်ရယ် တော်တော် ပူသွားတယ် သိလား သနားပါတယ်''

''ညည်းကလေ သဇ္ဈာတို့ ပြောလည်း ပြောစရာပဲ၊ သတိထား ပါလို့ အားလုံးက တတွတ်တွတ် ပြောနေတာ ညည်းအတွက် သိလား''

''သိပါတယ် သမီးလည်း သတိထားတာပဲ၊ သတိထားရင်းနဲ့ ကို ဖြစ်တာ''

''ဒါနဲ့ပဲ ညှော့်သည်ကောင်လေးတွေရှေ့မှာ သဇ္ဈာ ကောင်း ကောင်းကြီး ဆူလိုက်ရော မဟုတ်လား''

ကျွန်မ ခေါင်းလေးပဲ ညိတ်ပြနေတော့ ဒေါ်ကြီးမြင့်က သနား သည့် မျက်ဝန်းတွေနှင့်ကြည့်ပြီး

''ကောင်လေးက တော်တော်ချောလား''

''ချောတာထက်ကို ပိုတယ် ဒေါ်ကြီးမြင့်ရယ်၊ မမသဇ္ဈာက သမီးကိုဆူတော့ မဆူပါနဲ့တဲ့၊ သူ ဘာမှမဖြစ်ဘူးဆိုပြီး သမီးကို သနား နေပုံပဲ ဒေါ်ကြီးမြင့်ရဲ့''

''ဟေ''

''ရေနွေးပူလောင်သွားတဲ့ အစ်ကို့ ခြေသလုံးတွေကလေ ဖွေး ဖြူနေတာပဲ၊ ယောကျ်ားတန်မဲ့ အသားလေးက ဝင်းဝါပြီး တော်တော် ချောတာပဲ ဒေါ်ကြီးမြင့်ရယ်''

''သဘောကျနေတယ် မဟုတ်လား''

''ဟုတ်တယ် သမီးလေ ဘယ်ယောကျ်ားကိုမှ သတိမထားမိပေ မယ့် အစ်ကို့ကိုကျတော့ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး၊ အစ်ကိုက သမီးကို

သဘောကျပါ့မလား မသိဘူး ဒေါ်ကြီးမြင့်ရယ်''

''ဖူးစာကံ မှန်ရင်တော့ ဆုံမှာပေါ့၊ ကြိုးစားကြည့်ပါလား သမီးရယ်၊ ညည်းကလည်း စိတ်ဝင်စားတယ်ဆိုလို့ပါ''

''သူက မမသဥ္ဇာကို စိတ်ဝင်စားနေတယ်ဆိုတော့ လွယ်ပါ့မ လား မသိဘူးနော်''

''ကောင်လေးက သဥ္ဇာ့အကြောင်း မသိလို့ ဖြစ်မှာပါ၊ ဒီလောက် ရည်းစားတွေ ပရပွနဲ့ ခပ်ရှုပ်ရှုပ် မိန်းမတစ်ယောက်ကို ဘယ်ယောကျ်ား က စိတ်ဝင်စားမှာလဲ၊ မသိလို့သာနေမှာ''

ဒေါ်ကြီးမြင့် စကားကြောင့် အားတွေတက်သွားရသည်။

''အခုလည်း မမသဥ္ဇာဆီ ဖုန်းဆက်တော့ မမသဥ္ဇာ မရှိဘူး လည်း ဆိုရော ဘယ်သွားလဲ ဘယ်တော့ပြန်လာမလဲ မေးလိုက်တာ အသည်းအသန်ပဲ''

''ဒါကို မနာလို ဖြစ်နေတယ်ပေါ့''

''မနာလိုတော့ မဖြစ်ပါဘူး ဒေါ်ကြီးမြင့်ရယ်၊ သမီး ဝမ်းနည်း တာပါ၊ အစ်ကိုက သူနဲ့ အသွေးတူ သူဌေးသမီး မမသဥ္ဇာကိုပဲ ကြိုက်မှာ ပေါ့၊ သမီးကို ရှိတယ်လို့တောင် ထင်မှာမဟုတ်ပါဘူး''

''အားမငယ်ပါနဲ့ မုံလေးရယ်၊ ညည်းလည်း မိန်းမချောလေး ပဲဟာ၊ ငယ်ဂုဏ်ရှိလို့ သဥ္ဇာထက် နုပျိုတာတောင် သာသေးတယ်၊ ပိုက်ဆံချမ်းသာတော့ ဘာလုပ်ရမလဲ၊ အရေးကြီးတာ မိန်းမ ပီပီသသနဲ့ နာမည်ပျက်မရှိဖို့ဘဲ၊ စိတ်မကောင်းမဖြစ်နဲ့၊ သမားတော် ဆိုတဲ့ ကောင်လေးနဲ့ မုံလေး ဖူးစာကံ ပါလာရင် မဖြစ်မနေ ညားမှာပဲ၊ ဒီတစ်ခါ လာရင် ဒေါ်ကြီးကို ပြောနော်၊ အကဲခတ်လို့ ရအောင် ကဲ ကဲ လုပ်စရာ ရှိတာ လုပ်''

''ဟုတ်ကဲ့ ဒေါ်ကြီးမြင့်''

အစ်ကို့အကြောင်း စိတ်ကူးယဉ်ပြီး ဂေါ်ရခါးသီး လှီးနေလိုက် သည်။

ညနေ သုံးနာရီလောက်မှ မမသဉ္ဇာ ပြန်လာတော့ ကျွန်မ ဝမ်းသာအားရဖြင့်

''မမသဉ္ဇာ ကိုသမားတော် ဖုန်းဆက်တယ်''

မမသဉ္ဇာ တစ်ခွန်းမှ ပြန်မပြောဘဲ အိမ်ထဲ တန်းဝင်သွားတာမို့ မကြားဘူးအထင်နှင့် အသံနည်းနည်း ထပ်မြှင့်ကာ

''သူ့ဖုန်းနံပါတ် မမသဉ္ဇာ သိတယ်တဲ့၊ ဖုန်းပြန်ဆက်ပါတဲ့''

''အင်း''

မမသဉ္ဇာက ဒါပဲပြောပြီး သူမ အခန်းထဲ ဝင်သွားသည်။

ဘယ်လိုကြီးမှန်းလည်း မသိ အစ်ကို့ကို စိတ်မဝင်စားသည့်ပုံ။

ဟုတ်မှာပေါ့လေ။ မမသဉ္ဇာကို ပိုးပန်းချင်သူတွေ အများကြီး ဆိုတော့ တော်ရုံယောကျ်ားကို ဘယ်အရေးလုပ်ပါ့မလဲ။ ဒါပေမဲ့ အစ်ကို ကတော့ တော်ရုံယောကျ်ား မဟုတ်။ ယောကျ်ားပီပီသသနှင့် ချောသည့် အပြင် မိကောင်းဖခင်မှ မွေးသည့် လူတစ်ယောက်ဆိုတာ ကြည့်ရုံ နှင့်သိသည်။ မမသဉ္ဇာ အစ်ကို့ကို မကြိုက်ရင် ပိုကောင်းတာပေါ့။ ဒါမှ အစ်ကိုက ကျွန်မကို စိတ်ဝင်စားမှာ။

စိတ်ကူးနှင့်တင် ကျွန်မ အတိုင်းမသိ ပျော်သွား၏ ။

*